# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 21 August 2025 ၁၁၉၁၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

## ဒေသအတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင် ဆောင်ရွက်

# ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောင်လံမြို့ရှိ အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ အောင်လံခရိုင် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှု အခြေအနေများ၊ အောင်လံခရိုင်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကျင်းပပြုလုပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ** စာမျက်နှာ » ၆

**ဒီရထားအသစ်ကြီးက ပြောစရာကိုမလိုအောင် စီးလို့ကောင်းပါတယ်။ သန့်ရှင်းမှုလည်းရှိတယ်။ မြန်လည်းမြန်တယ်။ အချိန်တိကျမှုလည်းရှိတယ်။ ကိုယ်ရောက်နေတဲ့ဘူတာကို ချက်ချင်းသိရသလို နောက်ရောက်မယ့်ဘူတာကို ကြိုတင်ကြေညာပေးတဲ့အချက်ကိုလည်း အတော်လေးသဘောကျမိတယ်** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

ကြေးမုံ

# အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုး

၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်လ ၁၉ ရက်နေ့က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင်ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ တမာပင်ဦးဆောင်စိုက်ပျိုးပေးသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့်သစ်ပင်ခြောက်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက "သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း" ပြောကြားခဲ့သည်။

အပူပိုင်းဒေသ ၁၃ ခရိုင်သည် အနောက်ဘက်တောင်ကုန်းနှင့် ရှမ်းကုန်းပြင်မြင့်တို့အကြားတွင်တည်ရှိပြီး မိုးနည်းရေရှား မြစ်ဝှမ်းဒေသကြီး၏ အလယ်ပိုင်းဖြစ်သည်။ တောင်တန်းများ၊ ကုန်းပြင်မြင့်များနှင့် လွင်ပြင်ကျယ်များ ထင်ရှားစွာမရှိသောကြောင့် မြေမျက်နှာပြင်အနေအထား၌ အခြားဒေသများကဲ့သို့ ပေါ်လွင်သောသဏ္ဌာန်မရှိချေ။ အတွင်းပိုင်းသို့တိုး၍ကျတိုင်း ခြောက်သွေ့ပူပြင်းသွားခြင်းနှင့် မိုးနည်းပါးသွားခြင်းကြောင့်လည်း အခြားဒေသများထက်ထူးခြားခြင်းဖြစ်သည်။ မိုးခေါင်ခြောက်သွေ့၍ အပူအအေးလွန်ကဲပြင်းထန်သော်လည်း မြန်မာနိုင်ငံတွင် အစည်ကားဆုံးနှင့် အထင်ရှားဆုံးဒေသဖြစ်သည်။ အပူဆုံးလမှတစ်ပါး ကျန်လများတွင် ကောက်ပဲသီးနှံများကို ရာသီအလိုက် အများဆုံးစိုက်ပျိုးနိုင်သည်။

ယခင်နှစ်က ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းထုတ်ပြန်ရာတွင် အပူပိုင်းဒေသ ၁၃ ခရိုင်ရှိ မြို့အချို့ပါဝင်ခဲ့သည်။ အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို နိုင်ငံတော်အကြီးအကဲအနေဖြင့် သတိပြုမိသည့်အတွက် လူထုလှုပ်ရှားမှုအသွင် သစ်ပင်စိုက်ပျိုးပွဲများကို အပူပိုင်းဒေသမြို့များ၌ ကိုယ်တိုင်တက်ရောက်ပါဝင်၍ သစ်ပင်များစိုက်ပျိုးပေးခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ပြီးခဲ့သည့် ဇူလိုင်လ ၁၁ ရက်နေ့တွင် မိတ္ထီလာခရိုင်၌ကျင်းပခဲ့ပြီး ယခုဒုတိယအကြိမ် မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို မင်းဘူးခရိုင်တွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှု ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိတော့သည့်အတွက် ခုနစ်ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရသည်။ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များ ရှင်သန်မှုနည်းပါးလာကာ ကန္တာရဆူးပင်များသာ ပြည့်လာမည်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကိုဆောင်ရွက်ကြရသည်။ သစ်တောဖုံးလွှမ်းမှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာစေရန်အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်းစိုက်ပျိုးခဲ့သည်။ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်စီမံကိန်းဆောင်ရွက်ရန်စီစဉ်ထားသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် တစ်ရွာတွင် ထင်းစိုက်ခင်း နှစ်ဧကစီ စိုက်ပျိုးရန်တိုက်တွန်းပြောကြားထားသည်။ မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာ ၉၆၃ ရွာတွင် တစ်ရွာနှစ်ဧက စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါးဖြစ်ထွန်းလာမည်။ တစ်နှစ်လျှင်တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာပေါက်ရောက်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်သည်။ အလားတူ တစ်အိမ်လျှင်တစ်ပင် စိုက်ပျိုးပါက မင်းဘူးခရိုင်အတွင်း သစ်ပင်သစ်တောပေါက်ရောက်မှု များစွာတိုးတက်လာမည်ဖြစ်သည်။ "သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်း နားခိုနိုင်သည်"ဟုအဆိုရှိသည်။ သစ်ပင်များတွင် ကျေးငှက်သာရကာတို့ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသော သစ်စေ့များမှ သစ်ပင်များထပ်မံပေါက်ရောက်ကာ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေသည်။

သို့ဖြစ်ရာ သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ကြရမည် ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်ကာလတွင် စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြစ်၍ ပူပြင်းခြောက်သွေ့သော မိုးနည်းရေရှားအပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်ပါကြောင်း။ ။

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး / ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၂၀ ရက်အထိ သေဆုံးသူ ၃၇၇၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၉ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## တီးတိန်မြို့၌ မွေးမြူရေးနည်းစနစ်နှင့် တိရစ္ဆာန်ကူးစက်ရောဂါအကြောင်း ပညာပေးဟောပြော

**တီးတိန် ဩဂုတ် ၂၀**

ချင်းပြည်နယ် တီးတိန်မြို့၌ မွေးမြူရေးနည်းစနစ်နှင့် တိရစ္ဆာန်ကူးစက်ရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ဟောပြော**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတာဝန်ခံ ဦးခွါလ်လျန်းမုန်က မွေးမြူရေးစနစ်နှင့် တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း ဟောပြောသည်။

ဆက်လက်၍ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထောက်ပံ့သော တိရစ္ဆာန်အစာများကို ရပ်ကွက်ကျေးရွာအုပ်စုခြောက်အုပ်စုမှ မွေးမြူရေးတောင်သူများထံ တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

**မိုးမိုး**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ် ပေခွဲခန့် ကျော်လွန်နေပြီး နောက် ၁ ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ၂၀ - ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၂၀၂ | ၁,၄၅၄,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၇၁၂ | ၂,၂၃၇,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃ | ၂၃,၁၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၄၁၀ | ၈၀၀,၂၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆၁၁ | ၁,၅၈၈,၆၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၆၀၀ | ၁,၀၀၅,၀၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၀၀ | ၁၅ | ၅၁,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၁,၂၀၃ | ၃,၈၄၉,၇၅၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၈ | ၂၂,၈၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အောင်လံနယ်မြေ ဒေသလုံခြုံ တည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အောင်လံမြို့ရှိ မြို့နယ်ခန်းမအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့် ပတ်သက်၍ယာမြေများကိုအသွင်ပြောင်းလယ်မြေများ အဖြစ်ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး အတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အသုံးပြု၍ ရှိပြီးသားရေအရင်းအမြစ်ဖြစ်သော ရေဝတီ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတစ်ခု တိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်း လုပ်ဆောင်မှုများ အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင် အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှစ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

အောင်လံခရိုင်အတွင်း ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုများ အားနည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမှသာ လူတစ်ဦးချင်း၏ တိုးတက်မှုများရှိလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ဒေသအတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြကြောင်း၊ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများ ကောင်းမွန်ပြီး တန်းစဉ် ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေး ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အောင်လံ ဒေသအတွင်း သေးသည်ကို တွေ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် အထွက်နှုန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာ မြစ်ရေများကို စနစ်တကျအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်းလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း ဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားသဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်ကြောင်း၊ ထိုသို့မွေးမြူ ဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ သစ်ပင်သစ်တောများ ရှိမှသာ သဘာဝ ဘေးဒဏ်များကို ထိုက်သင့်သလောက် လျော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန် ယူချိန်မှစ၍ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးရန် မှာကြားထားကြောင်း၊ အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်း နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများ ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးစနစ်များ ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြောင်း၊ ကိုလိုနီခေတ်၌ ခရိုင်အုပ်ချုပ်ရေးကို အခြေခံသည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် စသည့်ပုဂ္ဂိုလ်များက ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရသော အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီစနစ်၌လည်း ၎င်းစနစ်ကိုပင် အခြေခံ၍ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ အုပ်ချုပ်ရေးမှူးများ၏အပေါ်တွင် ကောင်စီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နဝတခေတ်တွင် တပ်မတော်က ခန့်အပ်သည့်ဥက္ကဋ္ဌများက ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး နယကခေတ်မှစ၍ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးမှူးများက ဦးဆောင် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရ လက်ထက်တွင်လည်း ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးတို့ကို ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်စေခဲ့ကြောင်း။

**စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးခြံ ဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းအဆင့်မြှင့်တင်တည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။

❖ **မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ် ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်၊ သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရ**

❖ **ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရ၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်**

☆ စာမျက်နှာ ၃ မှ

ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်းတာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်း တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်၍အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်း အလိုက်ညှိနှိုင်း၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ ရွှေတင့်ဝမ်း မွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး မွေးမြူရေးဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ မွေးမြူရေးဇုန်အတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်နှင့် သန့်ရှင်းမှုများရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်၊ အရိပ်ရလေကာပင်များအား စနစ်တကျစိုက်ပျိုးသွားရန်၊ ယာဉ်ရပ်နားစခန်းအနီးပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေမည့် သစ်တောငယ်များ စိုက်ပျိုး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား MSME လုပ်ငန်းများကို ဌာနအနေဖြင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲကို ကျော်လွှန်၍ ကျောင်းထွက်နှုန်းလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့် သန်း ၂၀ အောက်လုပ်ငန်းများနှင့် သန်း ၂၀ အထက် တင်ဒါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ဝင်ငွေရရှိမှုနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၏ ရိုးရာအိမ်များ၊ နန်းမြင့်မျှော်စင်၊ ဆလုံပြခန်းနှင့် ဝန်ထမ်းအိမ်ရာများအတွင်း အသုံးပြုနိုင်ရန် Solar Panel ၅၈ လုံး ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ပခုက္ကူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားဖွင့်လှစ်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပခဲ့သော အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် "အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း" " Never Stop Learning Talk Show" တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြဘုတ်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် မြန်မာ့စကားပုံဆက်ပြိုင်ပွဲအား လှည့်လည်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံ ရိုက်ကူးရေးအဖွဲ့ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၀

"ပွင့်လန်းသာယာ လန်ချန်း - မဲခေါင်ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်ရိုက်ကူးရေး ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့်အဖွဲ့သည် ရိုက်ကူးရေးလုပ်ငန်းများပြီးစီးသဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။




အဆိုပါအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းပြီး ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိ နေပြည်တော်ရှိ အောင်သာကျေးရွာတွင် သောက်ရေသန့်ရရှိရေးဆောင်ရွက်မှု၊ သစ်တောသုတေသနဌာန (ရေဆင်း)တွင် သုတေသန ဆောင်ရွက်မှုနှင့် အမျိုးသား ပရဆေးဥယျာဉ် (နေပြည်တော်)ရှိ ဆေးဖက်ဝင်ပရဆေးပျိုးဥယျာဉ်တွင် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ ပဲခူးမြို့နယ် ရွာသစ်ကျေးရွာရှိ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ အစားအစာ တီထွင်ဆန်းသစ်မှုနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရန်ကုန်မြို့တွင်းရှုခင်းများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနဌာနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနတွင် ၂၀၂၀ ပြည့်နှစ် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု Solar Energy Exhibition Center၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အမျိုးသားဓာတ်ခွဲခန်းတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကြမ်းကုန်ချောများ အရည်အသွေး ဓာတ်ခွဲတိုင်းတာ ဆောင်ရွက်မှုနှင့် အသီးအနှံ အခြောက်ခံစက်ကြီးများဖြင့် မြင်းခွာရွက်အား အခြောက်ခံပြီး အမှုန့်ကြိတ် လုပ်ဆောင်မှုတို့ကို လည်းကောင်း ရုပ်သံမှတ်တမ်း ရိုက်ကူးခဲ့ကြသည်။

"ပွင့်လန်းသာယာ လန်ချန်း-မဲခေါင်ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်တွင် လန်ချန်း-မဲခေါင်ဒေသနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရိုက်ကူးထားသည့် ရုပ်သံမှတ်တမ်းများအား စုစည်း၍ တည်းဖြတ်ပြီးပါက သက်ဆိုင်ရာနိုင်ငံများရှိ ရုပ်သံလိုင်းများ၌ ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# သက်တမ်းရင့်ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

သက်တမ်းရင့် ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်း (Comprehensive Management of Oil and Gas Production Enhancement Activities in Mature Oil Fields) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဥပဒေဆိုင်ရာ အကြံပေးနှင့် နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရေနံမြေများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များသည် ထုတ်လုပ်မှုသက်တမ်းကြာမြင့်လာသည်နှင့်အမျှ သဘာဝအလျောက် အထွက်နှုန်းများ သိသာစွာကျဆင်းလာနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လက်ရှိကုန်းတွင်းပိုင်း လုပ်ကွက်များ၏ ပျမ်းမျှထုတ်လုပ်မှုသက်တမ်းသည် နှစ် ၅၀ မှ ၆၀ အထိ ကြာမြင့်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေးလုပ်ငန်း အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲနှင့် စိန်ခေါ်မှုအမျိုးမျိုးကြောင့် တိုးတက်မှုနှုန်း နှေးကွေးပြီး အကျိုးအမြတ်ရရှိမှုနည်းပါးပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ရေနံဘူမိဗေဒဘာသာရပ်နှင့် ရေနံအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပ ရေနံကုမ္ပဏီများမှ ကျွမ်းကျင်ပညာရှင်များက သက်တမ်းရင့် ရေနံမြေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး ရေနံအင်ဂျင်နီယာဘာသာရပ် တက်ရောက်နေသည့် နောက်ဆုံးနှစ် ကျောင်းသား မောင်ထက်ဦးဝေလွင်က “A Study of Enhanced Oil Recovery Methods” ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးသူများကို ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဖျာပုံမြို့ အထက (၁)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ဖျာပုံ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဖျာပုံမြို့နယ် အထက (၁) ကျောင်း အောင်မြေခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးကျော်မင်းယုက အမှာစကားပြောကြားပြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စမ်းစမ်းအေးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ကျရာခေါင်းစဉ်တို့ကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးကြပြီး ဖျာပုံခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းမြင့်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခြင်း အခမ်းအနားကျင်းပ



မော်လမြိုင် ဩဂုတ် ၂၀

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ အထွေထွေရောဂါကု ဆေးရုံကြီး၌ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စမ်းသပ်စစ်ဆေး ကုသပေးနေမှုနှင့် တာဝန်ရှိသူများက စားအုန်းဆီများ ရောင်းချပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် မော်လမြိုင်မြို့ ကျောက်တန်း ရပ်ကွက် ကျောက်တန်း စက်မှုနယ်မြေရှိ NIPPON CONCRETE (Myanmar) Co.,Ltd စက်ရုံ၌ ကွန်ကရစ် ဓာတ်တိုင်များ ထုတ်လုပ်နေမှုနှင့် စက်ရုံလည်ပတ်နေမှုကို ကြည့်ရှုပြီး ပြည်နယ် ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှု စွမ်းရည် ပိုမိုမြှင့်တင်နိုင်ရေးနှင့် ဒေသတွင်း ဈေးကွက်များသို့ ချဲ့ထွင်နိုင်ရေး ကြိုးစား ဆောက်ရွက်ရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တွံတေး ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ကံဘဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ကံဘဲ့) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်၊ တွံတေးခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဆရာမကြီး ဒေါ်စံသာနုတို့က အမှာစကားများပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးသက်ဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ကျရာခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်မှကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပြိုင်ပွဲ



တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ( ၅၆ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက် )

**နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့် နေ့ရက် ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ်( ၅၅ / ၂၀၂၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်ကအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ပါသည်။

၃။ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဇ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိမြို့နယ်အားလုံး၏အနည်းဆုံး ၅ မြို့နယ်၌လည်းကောင်း ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲတွင် ပါတီများအားလုံး ပါဝင်နိုင်ရေးအတွက် ရည်မှန်းကာ ပါတီဝင်ဦးရေပြည့်မီစေရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက် ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများသို့ ကြိုတင်အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၂ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)နှင့် (ဇ)တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြရမည့်နေ့ရက်ကို ၇ - ၉ - ၂၀၂၅ ( တနင်္ဂနွေနေ့ ) သတ်မှတ်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်(၁၀၂) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ။** အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များစာရင်း

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ တနိုင်း<br>၂။ ခေါင်လန်ဖူး<br>၃။ နောင်မွန်း<br>၄။ ပူတာအို<br>၅။ မိုးညှင်း<br>၆။ မြစ်ကြီးနား | ၆ မြို့နယ် |
| ၂ | ကယား | ၁။ ဘောလခဲ<br>၂။ လွိုင်ကော် | ၂ မြို့နယ် |
| ၃ | ကရင် | ၁။ ဘားအံ<br>၂။ မြဝတီ<br>၃။ သံတောင်ကြီး | ၃ မြို့နယ် |
| ၄ | ချင်း | ၁။ တီးတိန်<br>၂။ ဟားခါး | ၂ မြို့နယ် |
| ၅ | စစ်ကိုင်း | ၁။ လေရှီး<br>၂။ လဟယ်<br>၃။ နန်းယွန်း<br>၄။ ကလေး<br>၅။ ကသာ<br>၆။ ကန့်ဘလူ<br>၇။ ခန္တီး<br>၈။ စစ်ကိုင်း<br>၉။ တမူး<br>၁၀။ မုံရွာ<br>၁၁။ ရွှေဘို<br>၁၂။ ဟုမ္မလင်း | ၁၂ မြို့နယ် |
| ၆ | တနင်္သာရီ | ၁။ ကော့သောင်း<br>၂။ ထားဝယ်<br>၃။ ဘုတ်ပြင်း<br>၄။ မြိတ် | ၄ မြို့နယ် |
| ၇ | ပဲခူး | ၁။ ညောင်လေးပင်<br>၂။ တောင်ငူ<br>၃။ နတ်တလင်း<br>၄။ ပဲခူး<br>၅။ ပြည်<br>၆။ ရွှေတောင်<br>၇။ လက်ပံတန်း<br>၈။ သာယာဝတီ | ၈ မြို့နယ် |
| ၈ | မကွေး | ၁။ ချောက်<br>၂။ ရေနံချောင်း<br>၃။ ပခုက္ကူ<br>၄။ တောင်တွင်းကြီး<br>၅။ မကွေး<br>၆။ ပွင့်ဖြူ<br>၇။ မင်းဘူး<br>၈။ သရက်<br>၉။ အောင်လံ | ၉ မြို့နယ် |
| ၉ | မန္တလေး | ၁။ ကျောက်ဆည်<br>၂။ ညောင်ဦး<br>၃။ ပြင်ဦးလွင်<br>၄။ ချမ်းအေးသာစံ<br>၅။ မိတ္ထီလာ<br>၆။ ပျော်ဘွယ်<br>၇။ ရမည်းသင်း<br>၈။ အောင်မြေသာစံ | ၈ မြို့နယ် |
| ၁၀ | မွန် | ၁။ ကျိုက်ထို<br>၂။ ကျိုက်မရော<br>၃။ ချောင်းဆုံ<br>၄။ မော်လမြိုင်<br>၅။ သထုံ | ၅ မြို့နယ် |
| ၁၁ | ရခိုင် | ၁။ ကျောက်ဖြူ<br>၂။ စစ်တွေ<br>၃။ မာန်အောင် | ၃ မြို့နယ် |
| ၁၂ | ရန်ကုန် | ၁။ ကမာရွတ်<br>၂။ ကျောက်တံတား<br>၃။ တိုက်ကြီး<br>၄။ တွံတေး<br>၅။ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>၆။ ဗိုလ်တထောင်<br>၇။ မရမ်းကုန်း<br>၈။ မင်္ဂလာဒုံ<br>၉။ မှော်ဘီ<br>၁၀။ သဃ်္ဃန်းကျွန်း<br>၁၁။ သန်လျင်<br>၁၂။ အလုံ | ၁၂ မြို့နယ် |
| ၁၃ | ရှမ်း | ၁။ ပင်းတယ<br>၂။ ဟိုပုံး<br>၃။ နောင်ချို<br>၄။ ကျိုင်းတုံ<br>၅။ တာချီလိတ်<br>၆။ တောင်ကြီး<br>၇။ နမ့်စန်<br>၈။ မူဆယ်<br>၉။ မိုင်းဆတ်<br>၁၀။ လားရှိုး<br>၁၁။ လင်းခေး<br>၁၂။ လွိုင်လင် | ၁၂ မြို့နယ် |

စာမျက်နှာ ၇ သို့ ☆

✰ စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၁၄ | ဧရာဝတီ | ၁။ ကျုံပျော်<br>၂။ ပုသိမ်<br>၃။ မအူပင်<br>၄။ မြောင်းမြ<br>၅။ ကြံခင်း | ၈ မြို့နယ် |
| | | ၆။ မြန်အောင်<br>၇။ လပွတ္တာ<br>၈။ ဟင်္သာတ | |
| ၁၅ | နေပြည်တော် | ၁။ ဇေယျာသီရိ<br>၂။ ပုဗ္ဗသီရိ<br>၃။ ဇမ္ဗူသီရိ | ၈ မြို့နယ် |
| | | ၄။ ပျဉ်းမနား<br>၅။ ဒက္ခိဏသီရိ<br>၆။ လယ်ဝေး<br>၇။ တပ်ကုန်း<br>၈။ ဥတ္တရသီရိ | |

## လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| (၂) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်** |
| (၃) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုး ပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်မှ စက်တင်ဘာလ ၁၇ ရက်အထိ** |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ** |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပွင့်ဖြူမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**ပွင့်ဖြူ ဩဂုတ် ၂၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်သော ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့က လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင် ၃၀၀ ကို မြို့ပေါ်လူစည်ကားရာ ဈေးများ၊ လက်ဖက်ရည်ဆိုင်များနှင့် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကာ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၆ လမ်းနှင့် ၇လမ်းကြား၊ ၇၄ (B) လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မျိုးဆက်သစ်ဝံသာနုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၁) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၅၉ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ ခြံအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၂) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၆၀ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်ရပ်၊ ခေမာရာမသီလရှင်စာသင်တိုက်ကျောင်းလမ်း၊ အမှတ် (၆၉၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၃) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒီရထားအသစ်ကြီးက ပြောစရာကိုမလိုအောင် စီးလို့ကောင်းပါတယ်။ သန့်ရှင်းမှုလည်းရှိတယ်။ မြန်လည်းမြန်တယ်။ အချိန်တိကျမှုလည်းရှိတယ်။ ကိုယ်ရောက်နေတဲ့ဘူတာကို ချက်ချင်းသိရသလို နောက်ရောက်မယ့်ဘူတာကို ကြိုတင်ကြေညာပေးတဲ့အချက်ကိုလည်း အတော်လေးသဘောကျမိတယ်

**ကိုကောင်းမြတ်ဦး(ခရီးသည်)**

မြန်မာ့မီးရထားက စပိန်နိုင်ငံမှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းများဖြင့် ရန်ကုန်-ပဲခူး-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တို့ကို ပြေးဆွဲနေသလို ဂျပန်နိုင်ငံမှဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် နေပြည်တော်-ရန်ကုန်-နေပြည်တော်ခရီးစဉ် ပြေးဆွဲနေသည်ကို ကြားသိရသည်။

ထို့ကြောင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်ပြီလား၊ လိုရာခရီးသို့ အချိန်တိုအတွင်းရောက်ရှိပြီလား၊ ဈေးနှုန်းသက်သာရဲ့လား၊ ဘေးအန္တရာယ်ကင်းရှင်းရဲ့လား၊ ကျေနပ်မှုရှိကြသလား၊ မြန်မာ့မီးရထားဝန်ထမ်းများ၏ ဝန်ဆောင်မှုက ကောင်းမွန်ရဲ့လားဆိုသည်ကို သိချင်လာမိသည်။ ထို့ကြောင့် သတင်းသမားများဖြစ်သည့် ကျွန်တော်တို့အနေဖြင့် နေပြည်တော်မှ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှ နေပြည်တော်သို့လည်းကောင်း ခရီးသည်များအဖြစ် လိုက်ပါစီးနင်းကြည့်ပြီး အတူလိုက်ပါစီးနင်းခဲ့သူခရီးသည်များ၏အမြင်များကို မေးမြန်းခဲ့သလို မြန်မာ့မီးရထားမှ ဝန်ထမ်းများကိုလည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ တွေ့ဆုံမေးမြန်းခဲ့မှုများကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်-



**ဦးတင်ထွေး(ခရီးသည်)**

ကျွန်တော်က နေပြည်တော်ကနေ ဖြူးမြို့ကို အလည်သွားမှာပါ။ ခရီးသွားရင် ရထားကို အရင်ကတည်းက ခဏခဏစီးဖြစ်ပါတယ်။ ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ အရာရာတိုင်းက ခေတ်မီလာကြပါပြီ။ မြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေဟာ ခေတ်နဲ့အမီ လိုက်ပါဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ အခုရထားခရီးစဉ်မှာလည်း DEMU ဆိုတဲ့ ဂျပန်နိုင်ငံထုတ် ရထားအသစ်ကြီးတွေနဲ့ ခရီးသွားလာနိုင်ခဲ့ပါပြီ။ အရင်တုန်းက စီးခဲ့ရတဲ့ ရထားတွေနဲ့တော့ တခြားစီဖြစ်ပါတယ်။ အတော်လေးခေတ်မီတာကို တွေ့ရပါတယ်။ ရထားထိုင်ခုံတွေကလည်း သက်သောင့်သက်သာဖြစ်သလို အဲကွန်းပါတဲ့အတွက် ခရီးသွားလာရတာ အတော်လေး စိတ်ချမ်းမြေ့စရာ ကောင်းပါတယ်။

ရထားလမ်းတွေကို အဆင့်မြှင့်ထားတဲ့အတွက် ရထားစီးရတာ ဟိုးအရင်တုန်းကလို လှုပ်ခါမနေဘဲ ငြိမ်သက်ပြီး ဇိမ်ရှိရှိလိုက်ပါနိုင်ပါတယ်။ နေပြည်တော်-ဖြူး ရထားခရီးစဉ်အတွက် ပေးရတဲ့လက်မှတ်ခနဲ့ ရခဲ့တဲ့ဝန်ဆောင်မှုတွေက အလွန်ကို တန်လွန်းပါတယ်။ နောက်ပြီး ဘိုထိုင်အိမ်သာတွေလည်းပါတဲ့အတွက် ကျွန်တော်တို့လို အသက်ကြီးတဲ့သူတွေ ကျန်းမာရေးအရ အလွန်ကိုအဆင်ပြေပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။

**ဦးဇော်မင်းသန်း(စက်ခေါင်းမောင်း-၂ အထူး)**

ကျွန်တော်က ရထားစက်ခေါင်းမောင်းရတာကို ဝါသနာလည်း ပါပါတယ်။ ခရီးသည်တွေကိုလည်း စိတ်ချမ်းမြေ့စွာနဲ့ အန္တရာယ်ကင်းအောင်လိုက်လံပို့ဆောင်ရတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။ ကျွန်တော်က ရန်ကုန် - မန္တလေး အမြန်ရထား၊ ရန်ကုန် - နေပြည်တော် အမြန်ရထားနဲ့ ရန်ကုန်-မော်လမြိုင် အမြန်ရထားတွေကို မောင်းနှင်ရပါတယ်။ အခုမောင်းနှင်ရတာကတော့ အရင်နဲ့မတူတော့ပါဘူး။ အခုကတော့ မီးရထားလမ်းပိုင်းတွေကိုလည်း အဆင့်မြှင့်တင်ထားတယ်။ အချက်ပြစနစ်တွေကိုလည်း အဆင့်မြှင့်တင်ထားတဲ့အတွက် ခရီးစဉ်တွေကတော့ လုံခြုံစိတ်ချရမှုရှိပါတယ်။ DEMU ရထားအသစ်ကြီးကတော့ ပြေးဆွဲတာမကြာသေးတဲ့အတွက် ခရီးသည်တွေအနေနဲ့ ထိတွေ့မှုနည်းသေးပါတယ်။ ဒါကြောင့် ရထားခရီးစဉ်အတွင်း လိုက်နာဆောင်ရွက်ရမှာတွေကိုလည်း နားလည်အောင် ရှင်းပြပေးရပါတယ်။ နောက်ပြီး ရထားက မြန်နှုန်းမြင့်တဲ့အတွက် လမ်းကြောင်းတစ်လျှောက် တရားမဝင်လမ်းကူးမှုတွေကိုလည်း သတိထားမောင်းနှင်ရသလို လမ်းကြောင်းတစ်လျှောက်ရွာတွေကိုလည်း အသိပညာပေးတွေ ဆောင်ရွက်ပေးရပါတယ်။

အခုရထားအသစ်ကြီးကတော့ အရင်မောင်းနှင်ခဲ့တဲ့ ရထားတွေနဲ့ ကွဲပြားခြားနားမှု အများကြီးရှိပါတယ်။ စက်ပိုင်းဆိုင်ရာ၊ ဘရိတ်ပိုင်း၊ တံခါးအဖွင့်အပိတ်အပိုင်း၊ အဲကွန်းစနစ်အပိုင်းတွေမှာ အတော်လေးအဆင့်မြင့်လို့ ခရီးသည်တွေအတွက် လုံခြုံစိတ်ချရမှု အတော်လေးရှိပါတယ်။ ဒီရထားကြီးမောင်းနှင်ဖို့ ဝန်ကြီးဌာနက ဖွင့်လှစ်တဲ့သင်တန်းတွေ တက်ရပါတယ်။ သင်တန်းကာလအနေနဲ့ နှစ်ပတ်ကနေ သုံးပတ်လောက် တက်ခဲ့ရပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ရထားအသစ်ကြီးကို စီးစေချင်ပါတယ်။ ရထားက သက်သောင့်သက်သာလည်း ဖြစ်တယ်။ အချိန်လည်းမှန်ကန်တယ်။ သန့်ရှင်းမှုလည်းရှိတယ်။ ဘေးအန္တရာယ်ကင်းရှင်းမှုလည်းရှိတဲ့အတွက် စိတ်ချမ်းသာမှု အပြည့်အဝရရှိမှာဖြစ်ပါတယ်။



ဦးဇော်မင်းသန်း (စက်ခေါင်းမောင်း-၂ အထူး)

**ဦးဆန်းဝင်း(တွဲထိန်းကြီးကြပ်)**

ရန်ကုန်-နေပြည်တော်ပြေးဆွဲနေတဲ့ DEMU ရထားတွဲဆိုင်းမှာ တွဲထိန်းအားလုံးကို ကြီးကြပ်ရတဲ့ ခေါင်းဆောင်အဖြစ်နဲ့ တာဝန်ယူရပါတယ်။ ကျွန်တော်က ခရီးစဉ်အစကနေ အဆုံးအထိ ခရီးသည်တွေ စိတ်အေးချမ်းစွာ သက်သောင့်သက်သာနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ကြီးကြပ်ရပါတယ်။ တွဲထိန်းဝန်ထမ်းတွေကိုလည်း တစ်တွဲမှာ တစ်ယောက်နှုန်းထားရှိပါတယ်။ ခရီးသည်တွေ ရထားပေါ်တက်လာပြီဆိုရင် ခုံနံပါတ်မမှားစေဖို့၊ ခရီးသည်တွေပါလာတဲ့ အထုပ်တွေကို စနစ်တကျထားရှိစေဖို့နဲ့ ခရီးသည်တွေရဲ့ လိုအပ်ချက်တွေကို လိုက်လံဖြည့်ဆည်းပေးပါတယ်။ ခရီးသည်တွေ စည်းကမ်းတကျ လိုက်ပါစီးနင်းနိုင်ဖို့၊ တခြားခရီးသည်တွေကို အနှောင့်အယှက်မဖြစ်စေဖို့ အမြဲတမ်းလိုက်လံစစ်ဆေးနေရပါတယ်။ လေအေးပေးစနစ်နဲ့ ပြေးဆွဲတာဖြစ်တဲ့အတွက် အနံ့အသက်ပြင်းလွန်းတဲ့ သစ်သီးဝလံ၊ ကုန်ပစ္စည်းတွေ တင်၊ မတင်ကိုလည်း စစ်ဆေးရပါတယ်။

ရထားပေါ်မှာ ကွမ်းတံတွေးမထွေးဖို့၊ ဆေးလိပ်မသောက်ဖို့ တွဲအစ၊ တွဲအဆုံး မကြာခဏ လိုက်လံစိစစ်ပါတယ်။ ခရီးသည်အတင်အချကို အချိန်သုံးမိနစ်ပဲပေးတဲ့အတွက် ဒီရထားစတင်ပြေးဆွဲစဉ်က အရင်ကရထားတွေလို ခရီးသည်ကို ရထားပေါ်အထိ လိုက်လံပို့ဆောင်ပေးတဲ့သူတွေက ပြန်ဆင်းချိန်မရဘဲ ရထားပေါ်လိုက်ပါမှုတွေ ခဏခဏဖြစ်ပွားပါတယ်။ အဲဒီလိုမဖြစ်ပွားစေဖို့ ကျွန်တော်တို့ကပဲ ပစ္စည်းတွေကို သယ်ကူ၊ ချကူပါတယ်။ ရထားထွက်ချိန်တွေကလည်း နာရီပိုင်းတွေ ကွာခြားတဲ့အတွက် ရထားနံပါတ်မှားပြီး လိုက်ပါမှုလည်းရှိပါတယ်။ ဒီကိစ္စရပ်မျိုးတွေမဖြစ်ပွားရအောင် ကျွန်တော်တို့တွဲထိန်းတွေက သေချာစိစစ်ပေးရပါတယ်။

ရထားဘူတာတွေမှာ ခရီးသည်အတင်အချပြုလုပ်ရင်လည်း ခရီးသည်ဆင်းမယ်ဆိုရင် ပစ္စည်းတွေမကျန်ခဲ့စေဖို့ သေချာလိုက်လံစစ်ဆေးပေးပြီး အန္တရာယ်ကင်းကင်းနဲ့ ဆင်းနိုင်ဖို့ ဝန်ဆောင်မှုပေးပါတယ်။ ဒီရထားမှာတွဲထိန်းအတွက် မိန်းကလေးတွေလည်း ပါပါတယ်။ ခရီးသည်တွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် ခေါက်ဆွဲပြုတ်၊ ကော်ဖီ၊ လက်ဖက်ရည်နဲ့ မုန့်မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ခရီးသည်တွေ စားသုံးပြီးချိန်ဆိုရင် ခရီးသည်တွေရဲ့ အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။

ဒီရထားကြီး သန့်ရှင်းသပ်ရပ်မှုတွေနဲ့ ရေရှည်တည်တံ့နိုင်ဖို့ ကျွန်တော်တို့က ဝန်ဆောင်မှုပေးသလို ခရီးသည်တွေကလည်း ဝိုင်းဝန်းကူညီပေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုဝန်ဆောင်မှုပေးရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ခရီးသည်တစ်ဦးက ဒီရထားကိုစီးပြီး လိုရာခရီးကို စိတ်အေးချမ်းသာစွာနဲ့ ရောက်ရှိသွားရင် ကျွန်တော်တို့က ပိုပြီးပီတိဖြစ်ရပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ခရီးသည်တွေ လိုရာခရီးကို အချိန်အတိအကျရောက်ရှိပြီး စိတ်အေးချမ်းမှုနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ဆောင်ရွက်ထားတာဖြစ်လို့ မြန်မာ့မီးရထားကို စီးနင်းကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးအောင်တင်စိုး(ခရီးသည်)**

ကျွန်တော်ကတော့ အလုပ်ကိစ္စနဲ့ ခရီးတွေ မကြာခဏသွားရပါတယ်။ အရင်ကတော့ ခရီးသွားရင် ကားနဲ့သွားတာများပါတယ်။ ရထားနဲ့လည်း တစ်ခါတလေ သွားတတ်ပါတယ်။ ရထားနဲ့ ခရီးသိပ်မသွားဖြစ်တာက ခရီးနှောင့်နှေးလို့ပါ။ အခု DEMU ရထားအသစ်ကြီးတွေနဲ့ ပြေးဆွဲနေပြီလို့ ကြားသိရတဲ့အတွက် လာရောက်စီးနင်းတာဖြစ်ပါတယ်။ သတင်းတွေထဲမှာ သန့်ရှင်းသပ်ရပ်တယ်။ ဘိုထိုင်အိမ်သာတွေပါတယ်။ အဲကွန်းတွေပါတယ်လို့ကြားသိခဲ့ရပါတယ်။ ဒါကြောင့် စိတ်ဝင်စားလို့ စီးနင်းတာဖြစ်ပါတယ်။ အခုလက်တွေ့မှာတော့ ကြားသိခဲ့ရတာထက်ကို ပိုပါတယ်။ ရထားစီးရတာငြိမ့်ညောင်းမှုရှိသလို သန့်ရှင်းမှုကလည်း ပြောစရာကို မလိုတော့ပါဘူး။ ရထားဝန်ထမ်းတွေရဲ့ ပြောဆိုဆက်ဆံမှုတွေကလည်း ကျေနပ်စရာကောင်းလှပါတယ်။ အိမ်သာတွေကလည်း အရင်တုန်းကနဲ့မတူဘဲ စာမျက်နှာ ၉ သို့


ဦးတင်ထွေး(ခရီးသည်)


ဦးဆန်းဝင်း(တွဲထိန်းကြီးကြပ်)


ဦးအောင်တင်စိုး(ခရီးသည်)


ဦးကောင်းမြတ်ဦး(ခရီးသည်)


ဦးယဉ်မင်းဦး(မန်နေဂျာ)


ဒေါ်ဝေဝေလှိုင်(တွဲထိန်း)

❒ စာမျက်နှာ ၈ မှ

အတော်လေးသန့်ရှင်းတဲ့အတွက် စိတ်ချမ်းမြေ့ရပါတယ်။ ရထားရဲ့အမြန်နှုန်းကလည်း မြန်ဆန်မှုရှိတဲ့အတွက် လိုရာခရီးကို အချိန်တိုအတွင်းရောက်ရှိပါတယ်။ ဒါကြောင့် DEMU ရထားအသစ်ကြီးကို လာရောက်စီးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ စိတ်ချမ်းသာမှုအပြည့်ရမှာ ဖြစ်ပါတယ်။

**ကိုကောင်းမြတ်ဦး(ခရီးသည်)**

ကျွန်တော်ကတော့ ရန်ကုန်မြို့ကနေ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ခရီးသွားမှာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်နဲ့ဆိုရင်တော့ ရထားစီးဖူးတာ နှစ်ကြိမ်ရှိပါပြီ။ ဒီရထားအသစ်ကြီးကတော့ ပြောစရာကို မလိုအောင် စီးလို့ကောင်းပါတယ်။ သန့်ရှင်းမှုလည်း ရှိတယ်။ မြန်လည်းမြန်တယ်။ အချိန်တိကျမှုလည်း ရှိတယ်။ ကိုယ်ရောက်နေတဲ့ဘူတာကို ချက်ချင်းသိရသလို နောက်ရောက်မယ့်ဘူတာကို ကြိုတင်ကြေညာပေးတဲ့အချက်ကိုလည်း အတော်လေး သဘောကျမိတယ်။ အိမ်သာတွေကလည်း ထင်မထားလောက်အောင်ကို သန့်ရှင်းတယ်။ အဆင့်မီတယ်။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းတကျနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ရထားကြီးကတော့ အမြဲတမ်းခေတ်မီနေမှာပါ။ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနေနိုင်ပြီလို့လည်း ခံစားမိပါတယ်။ မြန်မာ့မီးရထားကတော့ တော်တော်လေး တိုးတက်လာပါပြီ။ ဒီလိုမျိုးအရှိန်အဟုန်နဲ့ ဆက်သွားမယ်ဆိုရင် ကျွန်တော်အပါအဝင် ပြည်သူတွေအများစုက ရထားစီးနင်းလာကြတော့မှာပါ။

**ဦးယဉ်မင်းဦး (မန်နေဂျာ၊ သွားလာရေး/တိုင်း)**

မြန်မာ့မီးရထားအနေနဲ့ အရင်က ရိုးရိုးတွဲဆိုင်းတွေနဲ့ ပြေးဆွဲနေတာကနေ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ရိုးရိုးတွဲဆိုင်းရထားတွေနေရာမှာ လေအိတ်တွဲဆိုင်းရထားတွေနဲ့ အစားထိုးပြေးဆွဲခဲ့ပါတယ်။ လေအိတ်တွဲဆိုင်းရထားတွေနဲ့ ပြေးဆွဲတဲ့အတွက် ရန်ကုန်မြို့ပတ်နဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်းက ရထားလမ်းပိုင်းတွေကို အဆင့်မြှင့်တင်မှာဖြစ်တဲ့အတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာစတင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှု ပြီးစီးခဲ့ပါ တယ်။ ရန်ကုန်-မန္တလေး လမ်းပိုင်းသစ်ကို ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်နေ့မှာ JICA စီမံကိန်းနဲ့ စတင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ရန်ကုန်- တောင်ငူ လမ်းပိုင်းပြုပြင်မှု ပြီးစီး ခဲ့ပါတယ်။ လမ်းပိုင်းတွေ ပြုပြင်ပြင်ဆင်ပြီးတာနဲ့ အဲဒီလမ်းပိုင်းတွေမှာ ပြေးဆွဲဖို့ဆိုပြီး DEMU တွဲဆိုင်းတွေကို မှာယူခဲ့ပါတယ်။ DEMU စပိန်တွဲဆိုင်းတွေကို ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာဆိုရင် ၁၁ ဆိုင်း မှာယူထားပါတယ်။ ရန်ကုန်-မန္တလေး လမ်းပိုင်းမှာ YM-1 CMC ကို ပထမအသုတ်အနေနဲ့ လေးဆိုင်းမှာယူထားပါတယ်။ အဲဒီလေးဆိုင်းကတော့ ဂျပန်တွဲဆိုင်းဖြစ်ပါတယ်။ YM-2 ၁၅ ဆိုင်ကတော့ စပိန်တွဲဆိုင်းဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်မှာ ပြေးဆွဲနေတဲ့ ၁၁ ဆိုင်းက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က ရောက်ရှိပြီဖြစ်ပါတယ်။ ဂျပန်တွဲဆိုင်း လေးဆိုင်းက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်နေ့က စတင်ရောက်ရှိပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှာ လေးဆိုင်းလုံး ရန်ကုန်ဘူတာကို ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ ပြေးဆွဲမယ့် စပိန်တွဲဆိုင်း YM-2 ၁၅ ဆိုင်း မှာယူထားတဲ့အနက် ၁၄ ဆိုင်း ရောက်ရှိနေပြီဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ၁၃ ဆိုင်းလက်ခံထားပြီး တစ်ဆိုင်းကိုတော့ အရည်အသွေးစစ်ဆေးနေဆဲ ဖြစ်ပါတယ်။

DEMU ရထားတွဲဆိုင်းကို စက်မှုဌာနမှ စက်ခေါင်းမောင်းတွေက မောင်းနှင်ပါတယ်။ ဒီရထားတွေ မောင်းနှင်နိုင်ဖို့အတွက် စက်ခေါင်းမောင်းတွေကို JICA က စာတွေ့၊ လက်တွေ့ သင်တန်းပို့ချပေးပါတယ်။ DEMU ရထားတွဲဆိုင်းတွေရဲ့မောင်းနှင်



စနစ်၊ ပြုပြင်ရေးတို့အတွက် စက်ခေါင်းမောင်းတွေအပြင် မြန်မာ့မီးရထားရဲ့စက်ခေါင်းပြင်အဖွဲ့တွေကိုပါ သင်တန်းပို့ချပေးတာဖြစ်ပါတယ်။ တွဲထိန်း၊ ဂတ်ဖိုလ်၊ သွားလာပို့ဆောင်ရေးက ဝန်ထမ်းတွေကိုပါ ပူးတွဲသင်တန်းပို့ချပါတယ်။ ရည်ရွယ်ချက်ကတော့ စက်ခေါင်းမောင်းနှင်မှုတစ်ခုတည်းမဟုတ်ဘဲ တံခါးအလိုအလျောက်ပိတ်တဲ့စနစ်၊ ဝန်ဆောင်မှုပေးတဲ့စနစ်တွေကိုပါ သင်တန်းပို့ချပေးပါတယ်။ မြန်မာ့မီးရထားရဲ့ဝန်ထမ်းတိုင်းကို မွမ်းမံသင်တန်းတွေ ဆက်လက်ပို့ချရပါတယ်။

DEMU ဂျပန်တွဲဆိုင်းတွေမှာ မြို့ပတ်ရထားဆိုရင် ဘေးတန်းမျက်နှာချင်းဆိုင်ဖြစ်ပါတယ်။ ရထားတွဲတစ်စီးမှာ တွဲဆိုင်း ခြောက်ဆိုင်း ပါဝင်ပြီး ထိုင်စီးအတွက် ၃၃၂ ယောက်၊ မတ်တတ်စီးက ၅၀၀ ခန့် စုစုပေါင်း ၈၃၂ ယောက် လိုက်ပါစီးနင်းလို့ရပါတယ်။ ရန်ကုန်-နေပြည်တော် ပြေးဆွဲတဲ့ရထားမှာဆိုရင် အထက်တန်း နှစ်တွဲမှာ ၃၆ ခုံစီနဲ့ ၇၂ ယောက်၊ ပထမတန်း လေးတွဲမှာ ၂၄၀ လိုက်ပါစီးနင်းလို့ရပါတယ်။ DEMU စပိန်တွဲဆိုင်းမှာ အထက်တန်း တစ်တွဲမှာ ၃၃ ခုံ ပါပါတယ်။ ပထမတန်း လေးတွဲမှာ ၂၂၄ ခုံ ပါပါတယ်။ ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာ RBE လေးဆိုင်းနဲ့ ၂၃ ခေါက်၊ DEMU နဲ့ နှစ်ဆိုင်း လေးခေါက် စုစုပေါင်း ၂၇ ခေါက် ပြေးဆွဲပါတယ်။

အမြန်ရထားတွေအနေနဲ့ ရန်ကုန်-မန္တလေး လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းဆိုပြီး ပြေးဆွဲနေပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာဆိုရင် အမှတ် ၁ အဆန်၊ အမှတ် ၂ အစုန် စာပို့ရထား တစ်ရက်ခြားပြေးဆွဲပါတယ်။ အမှတ် ၁၁ အဆန်၊ အမှတ် ၁၂ အစုန် အမြန်ရထားကတော့ နေ့စဉ်ပြေးဆွဲပါတယ်။ အမှတ် ၇ အဆန်၊ ၈ အစုန်ကတော့ ရန်ကုန်-နေပြည်တော် ပြေးဆွဲပြီး မန္တလေးဘက်ကို ချိတ်ဆက်ပြီး ၂၇ အဆန်၊ ၂၈ အစုန်ဆိုပြီး နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

ရန်ကုန်-ပဲခူး လမ်းပိုင်း အမှတ် ၁၃ အဆန်၊ ၁၄ အစုန်နဲ့ အမှတ် ၁၅ အဆန်၊ ၁၆ အစုန်ကို DEMU တွဲဆိုင်းနဲ့ ပြေးဆွဲလျက်ရှိပါတယ်။ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းမှာတော့ အမှတ် ၈၁ အဆန်၊ ၈၂ အစုန် ပြေးဆွဲပါတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းမှာတော့ အမှတ် ၇၁ အဆန်၊ ၇၂ အစုန် ပြေးဆွဲပါတယ်။ ရန်ကုန်-ပုဂံလမ်းပိုင်းမှာတော့ အမှတ် ၆၁ အဆန်၊ ၆၂ အစုန် သောကြာနေ့တိုင်းပြေးဆွဲပါတယ်။ ရန်ကုန်အခြေစိုက်အနေနဲ့ ကြည့်မြင်တိုင်-ပြည်ကို ပြေးဆွဲတဲ့အမှတ် ၆၃ အဆန်၊ ၆၄ အစုန်ကိုလည်း ပြေးဆွဲလျက်ရှိပါတယ်။ အင်းစိန်-ဥက္ကံကို အမှတ် ၆၅ အဆန်၊ ၆၆ အစုန် ပြေးဆွဲပါတယ်။ နေ့ထူးနေ့မြတ်ပိတ်ရက်တွေမှာတော့ လမ်းပိုင်းတိုင်းကို အထူးရထားအဖြစ် အမြဲတမ်း ပြေးဆွဲပေးနေပါတယ်။

DEMU ရထားက အခြားနိုင်ငံကနေ မှာယူတင်သွင်းရတဲ့အတွက် တစ်ဆိုင်းတစ်တွဲရဲ့တန်ဖိုးက ကြီးမားပါတယ်။ လေအေးပေးစက်စနစ်နဲ့ အသုံးပြုတဲ့အတွက် တွဲတိုင်းမှာ အနံ့အသက်မကောင်းတဲ့ ပစ္စည်းတွေ တင်ဆောင်ခွင့်မပြုပါဘူး။ ကွမ်းယာစားခြင်းနဲ့ ဆေးလိပ်သောက်ခြင်းလည်းခွင့်မပြုပါဘူး။ အခြားခရီးသည်တွေကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အထုပ်အပိုးကြီးကြီးမားမားတွေလည်း ယူဆောင်ခွင့်မပြုပါဘူး။ အိမ်မွေးတိရစ္ဆာန်လည်း တင်ဆောင်ခွင့်မရှိပါဘူး။ သန့်ရှင်းမှုကို အလေးထားတဲ့အတွက် တွဲတိုင်းမှာ တွဲစောင့်တွေ ထားရှိပါတယ်။ တွဲစောင့်တွေက အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။ သန့်စင်ခန်းမှာဆိုရင်လည်း လက်ဆေးဘေစင်၊ ဆပ်ပြာ၊ ဘိုထိုင်တွေပါပါတယ်။ မိလ္လာစနစ်ဆိုရင် စက်ရုံရောက်တဲ့အခါမှာ မိလ္လာသန့်စင်စက်နဲ့ သန့်ရှင်းရေးလုပ်ပါတယ်။ ရေရှည်အသုံးပြုနိုင်ဖို့အတွက် စနစ်တကျအသုံးပြုပေးခြင်းဖြင့် ကူညီပေးကြပါလို့ ပြောချင်ပါတယ်။

ခရီးသည် လုံခြုံရေးအတွက်ဆိုရင်လည်း ရထားထွက်ပြီဆိုတာနဲ့ အသိပေးကြေညာပြီး တံခါးက အလိုအလျောက်ပိတ်သွားတဲ့အတွက် လုံခြုံမှုကအပြည့်အဝရရှိစေပါတယ်။ လက်မှတ်စစ်ကလည်း မှတ်ပုံတင်နဲ့တကွ သေချာစိစစ်တာဖြစ်တဲ့အတွက် လူပိုလူလျှံလည်း တင်ဆောင်လို့မရပါဘူး။ ရထားလက်မှတ်ဝယ်ယူမှုမှာလည်း ရိုးရိုးတန်းဆိုရင် တစ်ရက်ကြိုရောင်းပါတယ်။ အထက်တန်းဆိုရင် သုံးရက်ကြိုရောင်းချပါတယ်။ ရန်ကုန်-နေပြည်တော်ပြေးဆွဲနေတဲ့ အမှတ် ၇ အဆန်၊ အမှတ် ၈ အစုန် ဆိုရင် ရိုးရိုးတန်းမပါပါဘူး။ ပထမတန်းနဲ့ အထက်တန်းပဲပါပါတယ်။ လက်ရှိဘူတာရုံတွေမှာ သုံးရက်ကြိုစနစ်နဲ့ ရောင်းချပေးပါနေပါတယ်။ အွန်လိုင်းကနေ အလွယ်တကူဝယ်ယူနိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်။

**ဒေါ်ဝေဝေလှိုင်(တွဲထိန်း)**

မီးရထားပေါ်မှာ အမျိုးသမီးဝန်ထမ်းအဖြစ် ပထမဆုံးလိုက်ပါတာလည်းဖြစ်ပါတယ်။ အတွေ့အကြုံကလည်း ပထမဆုံးဖြစ်တဲ့အတွက် တာဝန်မကျေမှာ၊ ဝန်ဆောင်မှုပေးတဲ့အခါ လိုအပ်ချက်တွေရှိမှာကို စိတ်ပူပန်ခဲ့ရပါတယ်။ တွဲထိန်းကြီးကြပ်တွေရဲ့သင်ပြမှုတွေနဲ့ အခုဆိုရင် အလုပ်အပေါ်မှာ ကျွမ်းကျင်ပြီး ဝန်ဆောင်မှုပေးရတာလည်း ပျော်ဖို့ကောင်းတယ်လို့ ခံစားရပါတယ်။ ရထားကြီးကလည်း ခေတ်မီရထားဆိုတော့ သန့်ရှင်းမှုအပိုင်းကိုတော့ သေချာလေးဂရုစိုက်ဆောင်ရွက်ပေးရပါတယ်။ ခရီးသည်တွေ မသိတာရှိရင်လည်း သေချာလမ်းညွှန်ပေးပါတယ်။ အရင်တုန်းက ခရီးသည်အနေနဲ့ စီးနင်းခဲ့ပြီး အခုကိုယ်တိုင်က ဝန်ဆောင်မှုပေးရတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်နေတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ မိဘဆွေမျိုးတွေကလည်း မီးရထားဝန်ထမ်းတွေဖြစ်လို့ မိဘတွေရဲ့ အမွေကို ဆက်ခံရသလိုမျိုးဖြစ်တဲ့အတွက် ပိုပြီး ဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း - အေးသန့်အောင်**
**ဓာတ်ပုံ - အောင်သန့်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးနှင့် လေ့လာစောင့်ကြည့်နိုင်ရေး၊ နှစ်နိုင်ငံကြား ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Theerarat Samrejvanich၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump နှင့် ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေးကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်၍ အမျိုးသားမြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းကိုလည်း ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေအရည်အသွေးကို တိုင်းတာစစ်ဆေး၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong က ထိုင်းနိုင်ငံအနေဖြင့်လည်း ရေအရင်းအမြစ် အရည်အသွေးနှင့်ပတ်သက်၍ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရန်အတွက် မူဝါဒများချမှတ်ထားရှိပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲ၍ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ထိုင်းနိုင်ငံမှ ညစ်ညမ်းမှုထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းနိုင်ငံအတွင်းရှိ နမ့်ခုတ်မြစ်ရေအရည်အသွေးနှင့် ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ၏ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု၊ မြေပေါ်ရေအရည်အသွေးသတ်မှတ်ချက်များ၊ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ယခုဆွေးနွေးပွဲမှ ရရှိလာသောရလဒ်များဖြစ်သည့် ရေအရည်အသွေးစီမံခန့်ခွဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ဖလှယ်ချင်းအပါအဝင် နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနများအချင်းချင်း နည်းပညာဆိုင်ရာဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့သော ရေအရည်အသွေး စီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေးနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်သည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong နှင့် အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် CGIAR၊ CPOPC၊ CSIRO၊ ERIA၊ GIZ၊ TAF GTEI၊ FAO၊ GHD and Boeing၊ Sattva Consulting၊ SCeNe Coalition၊ Singapore Crawfish၊ SEAFDEC နှင့် US-ABC တို့မှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲတွင် SOM-AMAF Leader ဖြစ်သူ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။




ယင်းနောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ ကဏ္ဍအလိုက် ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို တင်ပြရာတွင် စားရေရိက္ခာကဏ္ဍမှ ကျင်းပသည့်အစည်းအဝေး လေးခု၊ စိုက်ပျိုးရေးကဏ္ဍမှ ခြောက်ခု၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များကဏ္ဍမှ တစ်ခုနှင့် သစ်တောကဏ္ဍမှ တစ်ခုတို့၏ အစည်းအဝေး အစီရင်ခံများကို ဆွေးနွေးကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းရပ် ၂၃ ခုကို (၄၇) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုရန်နှင့် လုပ်ငန်းရပ် (၇) ကို မှတ်တမ်းတင်ရန် ဆွေးနွေးသဘောတူကြသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြစ်သည့် CGIAR မှ ASEAN-One CGIAR Program ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ CPOPC မှ ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှု တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ခြင်း၊ CSIRO မှ အာဆီယံ-ဩစတြေးလျ ဇီဝကာကွယ်ရေး သုတေသနလုပ်ငန်းများ၊ ERIA မှ စိုက်ပျိုးရေးစားရေရိက္ခာစနစ်များ၊ စိုက်ပျိုးရေးကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် အာဆီယံဒေသတွင်း စားရေရိက္ခာ ဖူလုံရေးဆိုင်ရာ လုပ်ငန်းများ၊ GIZ မှ ရေရှည်တည်တံ့စေသည့် ကောက်ရိုးအသုံးပြုသည့်စီမံကိန်းမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ စိမ်းလန်းသော ဥရောပအဖွဲ့ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်အတွက် နည်းပညာအကူအညီပေးရေး အထောက်အကူပြုအဖွဲ့မှ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံမီးရှို့မှုလျှော့ချရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့အတွက် ကနဦးဆောင်ရွက်မှုများ၊ FAO မှ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ဘဏ္ဍာရေးစနစ် (ASEAN Green Bond) ဆိုင်ရာ ကနဦးဆောင်ရွက်မှုများ၊ GHD and Boeing မှ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများမှ ရေရှည်တည်တံ့သော လေယာဉ်ဆီထုတ်လုပ်ခြင်း၊ Sattva Consulting အဖွဲ့မှ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးပုံစံများ၊ SCeNe Coalition မှ သဘာဝအခြေခံဖြေရှင်းနည်းများ၊ Singapore Crawfish မှ ကျောက်ပုစွန်များကို ရေရှည်တည်တံ့စွာ မွေးမြူခြင်း၊ SEAFDEC မှ အာဆီယံဒေသတွင်း ငှက်ဖမွေးမြူခြင်း၏ ရေရှည်တည်တံ့စေမည့် နည်းပညာစီမံခန့်ခွဲမှုများ၊ US-ASEAN Business Council မှ အာဆီယံဒေသတွင်း အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကတိကဝတ်ပြုခဲ့ကြသည်။

(၂၄) ကြိမ်မြောက် အာဆီယံ အပေါင်းသုံးလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှားလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးနိုင်ရေး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဓာတ်မြေဩဇာကုမ္ပဏီများ စာချုပ်ချုပ်ဆို



**ပုသိမ် ဩဂုတ် ၂၀**

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဓာတ်မြေဩဇာကုမ္ပဏီများ စာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးပေးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် များစွာ အထောက်အကူရမည်ဖြစ်ကြောင်း၊ တောင်သူများလက်ဝယ်သို့ သွင်းအားစုများ အချိန်မီပေးအပ်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ တောင်သူများအား ဓာတ်မြေဩဇာများ တိုက်ရိုက်သက်သာစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ပါဝင်ဆောင်ရွက် စာချုပ်ချုပ်ဆိုခဲ့သည့် ကုမ္ပဏီများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဓာတ်မြေဩဇာရောင်းချပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွက် မိုးစပါးဓာတ်မြေဩဇာလိုအပ်ချက်၊ မြို့နယ်အလိုက်ခွဲဝေရရှိမှု၊ ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေးဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများနှင့် အသုံးပြုရမည့်ပုံစံများကိုလည်းကောင်း၊ ဓာတ်မြေဩဇာသွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိသူတစ်ဦးက သွင်းအားစုဓာတ်မြေဩဇာ စတင်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာချုပ်ချုပ်ဆိုပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည်(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပနိုင်ရေးနှင့် ဗဟိုအဆင့်ပြိုင်ပွဲ အောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂(င)၊၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော ဘိုးဘွားများကို အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ၊ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုကို အခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဆေးရုံဆောင်၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော အဘိုးအဘွားများနှင့် ဓမ္မာရုံတွင် ဝတ်ပြုကိုးကွယ်နေသူ အဘိုးအဘွားများကိုသွားရောက်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ ပင်စင်ရ အဘိုး၊ အဘွားများ အနေဖြင့် ပင်စင်လစာထုတ်ယူမှု အဆင်ပြေခြင်း ရှိ၊ မရှိ အခြေအနေနှင့် အသက်(၈၅)နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများကို လူမှုရေးပင်စင် ထောက်ပံ့ကြေး ရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရိပ်သာတွင် ပြုစုစောင့်ရှောက်ထားသည့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုမေးမြန်းခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း ၁၂၇ ဦးကို နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ ငါးသားပေါက်ကောင်ရေ ၈၈၀၀၀၀ ငါးမျိုးစိုက်ထည့်




**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄) ရပ်ကွက် ကျွန်းငူကမ်းနားရှိ သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ငါးသားပေါက်ကောင်ရေ ၈၈၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုများဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး သဘာဝရေပြင်(လှိုင်မြစ်) အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင် တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများ ပူးပေါင်းကာ လှော်ကား ငါးလုပ်ငန်းစခန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၈၈၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ငါးမျိုး စိုက်ထည့်ရာတွင် ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသံချောင်း၊ ခရိုင်ဦးစီးဌာနမှူး ဦးစိုးမင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက လှိုင်မြစ်သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၈၈၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ချောင်းဆုံမြို့နယ် ရွာလွတ်–ကတောင်စိန် တောင်ဖြတ်လမ်း ဆောင်ရွက်နေမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဩဂုတ် ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ နေ့စဉ်လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် လမ်း၊ တံတားများ တည်ဆောက်ပေးလျက်ရှိရာ မော်လမြိုင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နေခြည်ဦး နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၈ ရက်က ရွာလွတ်–ကတောင်စိန် တောင်ဖြတ်လမ်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



### ကြည့်ရှုစစ်ဆေး

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် မော်လမြိုင်ခရိုင် အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွာလွတ်–ကတောင်စိန် တောင်ဖြတ်လမ်းအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ လီဗာပူးအသင်းမှ**

အီဂျစ်ကြယ်ပွင့် မိုဟာမက်ဆာလာဟာ ၂၀၂၄–၂၀၂၅ ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး အများဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး သွင်းဂိုး ၂၉ ဂိုး၊ ဂိုးဖန်တီးမှု ရှစ်ကြိမ်ဖန်တီးပေးနိုင်ခဲ့တာကြောင့် ၂၀၂၅ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်တဲ့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုရရှိရေးအတွက် မက်အဲလစ်စတာ၊ ဘရူနိုဖာနန်ဒက်စ်၊ အလက်ဇန္ဒား အီဆက်၊ ကိုးလ်ပယ်မား၊ ဒီကလန်ရိုက်တို့ကို ကျော်ဖြတ်ကာ ရရှိခဲ့တာဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ ၂၀၂၄–၂၀၂၅ ဘောလုံးရာသီမှာ ပရီမီယာလိဂ်တစ်ရာသီအကောင်းဆုံး ကစားသမားဆုနဲ့ ဘောလုံးအားကစားကလောင်ရှင်များအသင်းရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုတို့ကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လှိုင်ကော် ဩဂုတ် ၂၀

၂၀၂၅ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြသည်။

ဦးစွာ အဓိကမြော်တွေးကျန်းမာရေး သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ မိခင်နို့စနစ်တကျ တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် အာဟာရဆိုင်ရာ ဗဟုသုတမေးခွန်းပြိုင်ပွဲ၌ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘဝအတွက်တာကျောင်းကျန်းမာနှင့် လမ်းလျှောက်ကြမယ် တေးသရုပ်ဖော်၊ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးများပေးအပ်၍ ကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေဆေးနှင့် သန်ချဆေးများတိုက်ကျွေးကြပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ကျန်းမာရေးအသိပညာပေးပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# မင်းလှမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

မင်းလှ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် ချို့တဲ့မိခင်များအား အသိပညာပေးဟောပြောခြင်းနှင့် အာဟာရထောက်ပံ့ပေးခြင်းကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးက သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါလက္ခဏာများ၊ ကူးစက်ပုံများ၊ ကာကွယ်နိုင်သောရောဂါဖြစ်သဖြင့် အသက်(၉)နှစ်မှ (၁၂)နှစ်အရွယ်အမျိုးသမီးငယ်များ ကာကွယ်ဆေး ထိုးထားသင့်ကြောင်း၊ ရောဂါဖြစ်ခါစ အစောပိုင်းလက္ခဏာများ၊ ရောဂါရင့်ချိန် တွေ့ရှိရသောလက္ခဏာများ စသည့် သားအိမ်ခေါင်းကင်ဆာဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင် ၂၀၊ နို့တိုက်မိခင် ၁၅ ဦးနှင့် ချို့တဲ့မိခင် ၁၅ ဦးတို့အား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၅၀ သား၊ အိုင်အိုဒင်းဆားတစ်ထုပ်နှင့် ကိုယ်ဝန်ဆောင်အားဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

# နောင်တရားမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်

နောင်တရား ဩဂုတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်သူ့ကျန်းမာရေးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုတွင် နောင်တရား တိုက်နယ်ဆရာဝန် ဒေါက်တာဆုယဉ်ကြာက လူငယ်နှင့် စိတ်ကြွမူးယစ်ဆေးအန္တရာယ်နှင့် ဆေးလိပ်



ဆေးရွက်ကြီး၊ အီးစီးကရက် အကြောင်းကို ကျန်းမာရေး အသိပညာပေး ဟောပြောပြီး ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သည်။

ထို့နောက် ကျောင်းသားမိဘတစ်ဦးက KG ကျောင်းသားကျောင်းသူ ၆၇ ဦးအား အာဟာရမျှတစွာ စားသုံးနိုင်ရန်အတွက် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို တိုက်နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်း ရောင်းချနေသည့် ကျောင်းဈေးတန်းမုန့်ဆိုင်များကို ကျန်းမာရေးနှင့်ညီညွတ်စွာရောက်ချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ယင်လုံအိမ်သာ၊ အမှိုက်စွန့်ပစ်မှုစနစ်နှင့် သောက်သုံးရေများ စစ်ဆေးပေးခြင်း၊ ရေလှောင်ကန်၊ ရေစည်များအတွင်း အဘိတ်ဆေးခတ်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

# မက်မန်းမြို့၌ ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



မက်မန်း ဩဂုတ် ၂၀

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝမ်ပါလောင်း - ဖာဆော့လမ်း ကျေးရွာချင်းဆက်မြေသားလမ်းချဲ့ခြင်းလုပ်ငန်းအတွက် စစ်ဆေးတိုင်းတာခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးတိုင်းတာကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးနိုင်နိုင်ဝင်း၊ မက်မန်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ထွန်း၊ မက်မန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဦးမျိုးကိုကိုနှင့် တာဝန်ရှိသူများက ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၁၇၃ ဒသမ ၄၂၅ သန်းဖြင့် မက်မန်းဗလကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည့် ဝမ်ပါလောင်း - ဖာဆော့လမ်း လမ်းအရှည် နှစ်မိုင်၊ အကျယ်ပေ ၃၀ ရှိလမ်းမြေသားချဲ့ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အေဇက်ထွန်း(မက်မန်း)



ကမာရွတ်မြို့နယ် တိုင်းကျော်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ်၂၀ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန၌ကျင်းပရာ အသင်းဥက္ကဋ္ဌဦးစိုးသွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က အသင်း၏ရင်းနှီးပစ္စည်းများကိစ္စနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# တပ်ကုန်းမြို့၌ သမဝါယမအသင်းစုလုပ်ငန်းများ မှန်ကန်စွာလည်ပတ်နိုင်ရေး ကွင်းဆင်းကြည့်ရှု

တပ်ကုန်း ဩဂုတ် ၂၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)ဦးအောင်ပြည့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သမဝါယမ အသင်းစုလုပ်ငန်းများ မှန်ကန်စွာလည်ပတ်နိုင်စေရေး ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြို့နယ်သမဝါယမအသင်းစု၏ အသင်းစည်းကမ်းနှင့်အညီဆောင်ရွက်နေသော အသင်းလုပ်ငန်းများ လည်ပတ်မှုမှန်ကန်စေရေး၊ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ရသင့်ရထိုက်သော အကျိုးအမြတ်များ ခေတ်စနစ်နှင့်အညီ လျော်ညီစွာရရှိစေရေး၊ အသင်းဝင်၊ အသင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမစနစ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်သမဝါယမအသင်းစုတွင် “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ဝါကြိတ်စက်၊ ဝါဖိစက်လည်ပတ်နေမှု၊ ရက်ကန်းများ တပ်ဆင်လည်ပတ်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ဂျပန်နိုင်ငံ၌ အာဖရိကဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံကျင်းပ



တိုကျို ဩဂုတ် ၂၀

ဂျပန်နိုင်ငံ ယိုကိုဟားမားတွင် အာဖရိကဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံတစ်ရပ်ကို ဩဂုတ် ၂၀ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ပြောကြား**

ယင်းညီလာခံမှတစ်ဆင့် အာဖရိကနိုင်ငံများနှင့် ဂျပန်နိုင်ငံ၏ ဆက်ဆံရေးကို မြှင့်တင်ရန် အခွင့်အလမ်းအဖြစ် အသုံးချမည်ဟု ဝန်ကြီးချုပ် အီရှီဘာက ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများအပေါ် ဖြေရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ၎င်းက ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာနှင့် အခြားသော နယ်ပယ်များတွင် အာဖရိကနိုင်ငံများရှိ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန် ဂျပန်နိုင်ငံမှ ကူညီပေးမည့်အစီအစဉ်ကို ၎င်းက အဆိုပြုခဲ့သည်။

အာဖရိကဒေသ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ဂျပန်အစိုးရနှင့် အာဖရိကနိုင်ငံများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းများအကြား နားလည်မှုစာချွန်လွှာ သုံးရာကျော်ကို လက်မှတ်ရေးထိုးမည်ဟု သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# အိမ်ဖြူတော်က တစ်တော့အက်ပလီကေးရှင်း စတင်အသုံးပြု

ဝါရှင်တန် ဩဂုတ် ၂၀

အိမ်ဖြူတော်က ၎င်း၏ တရားဝင်တစ်တော့အကောင့်ကို ဩဂုတ် ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တစ်တော့အက်ပလီကေးရှင်းကို အမေရိကန်ကုမ္ပဏီတစ်ခုသို့ ရောင်းချရန် သို့မဟုတ် နိုင်ငံအတွင်း၌ သုံးစွဲမှုတားမြစ်ပိတ်ပင်ရန် စဉ်းစားသုံးသပ်လျက်ရှိစဉ် အိမ်ဖြူတော်က တရားဝင်တစ်တော့အကောင့်ကို စတင်ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်သည်။




အိမ်ဖြူတော်၏ တရားဝင်အကောင့်သည် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏ကနဦး ဗီဒီယိုတစ်ခုကို စတင်ပို့စ်တင်ခဲ့သည်။ အဆိုပါဗီဒီယိုတွင် သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ထောက်ခံအားပေးသူများနှင့် အပြန်အလှန်စကားပြောဆိုနေပုံကို မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုပိုင်းတစ်ခုဖြစ်ပြီး ကြာမြင့်ချိန် ၂၇ စက္ကန့်ရှိကြောင်း သိရသည်။

ပို့စ်တင်ပြီးနောက် နာရီအနည်းငယ်အကြာတွင် အိမ်ဖြူတော်၏ တရားဝင်တစ်တော့အကောင့်မှာထောက်ခံအားပေးသူ ၅၇၀၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း သမ္မတဒေါ်နယ်ထရမ့်၏ သမ္မတရွေးကောက်ပွဲအတွက် အသုံးပြုသည့် တစ်တော့အကောင့်တွင် ထောက်ခံအားပေးသူ ၁၅ သန်းကျော်ရှိသည်။

Byte Dance ကုမ္ပဏီပိုင်ဆိုင်သည့် တစ်တော့အက်ပလီကေးရှင်းကို အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုသို့ ရောင်းချခြင်းမရှိပါက နိုင်ငံအတွင်း၌ အသုံးပြုခွင့်ရပ်ဆိုင်းမည်ဆိုသည့် အမိန့်တစ်ရပ်ကို ဒေါ်နယ်ထရမ့်က ၎င်း၏ ပထမသက်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါအမိန့်သည် အသက်ဝင်ခြင်းမရှိခဲ့ပေ။

ဒုတိယသက်တမ်းအတွင်း တစ်တော့သုံးစွဲခွင့် နောက်ဆုံးသတ်မှတ်ရက်ကို ဇန်နဝါရီ ၂၀ ရက်နှင့် ဧပြီ ၄ ရက်တို့တွင် ၇၅ ရက်စီ သက်တမ်းတိုးမြှင့်ခဲ့သည်။ ဇွန် ၁၉ ရက်တွင် နောက်ထပ် ရက်ပေါင်း ၉၀ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်အထိ နိုင်ငံအတွင်း တစ်တော့သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဟားမတ်စ်က အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အတည်ပြုသော်လည်း အစ္စရေးအစိုးရက တုံ့ပြန်ခြင်းမရှိသေး

ဂါဇာစီးတီး ဩဂုတ် ၂၀

ဟားမတ်စ်အဖွဲ့က ဓားစာခံ ၁၀ ဦးလွှတ်ပေးရန် ပါဝင်သည့် အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အတည်ပြုခဲ့သော်လည်း အစ္စရေးအစိုးရက မည်သည့်တုံ့ပြန်မှုမျှ လုပ်ဆောင်ခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပြုချက်ကို အီဂျစ်နှင့် ကာတာတို့က ကြားဝင်ဆောင်ရွက်ပေးခဲ့သည်။ ရက် ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးနှင့် ပဋိပက္ခအဆုံးသတ်ရန် စေ့စပ်ညှိနှိုင်းမှုများပြန်လည်ပြုလုပ်ရန်ပါဝင်ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ဟားမတ်စ်အဖွဲ့ထံမှ အပြုသဘောဆောင်သော တုံ့ပြန်မှုကို လက်ခံရရှိသော်လည်း အစ္စရေး၏ တုံ့ပြန်မှုကို စောင့်မျှော်နေဆဲဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂျက်အယ်လ်အန်ဆာရီက ပြောကြားသည်။

သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ပါက ပိုမိုဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးသို့ ဦးတည်သွားနိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။

အစ္စရေးအစိုးရသည် ဖမ်းဆီးထားသည့် ဓားစာခံအားလုံးကို တစ်ပြိုင်နက်တည်း လွှတ်ပေးရန် ဆက်လက်တောင်းဆိုနေကြောင်း အစ္စရေးမီဒီယာက ဖော်ပြသည်။ ဟားမတ်စ်က ဓားစာခံ ၅၀ ကို ဖမ်းဆီးထားကြောင်း အစ္စရေးက ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်၌ စစ်ဆင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ အီယယ်ဇမ်မားက အစ္စရေးအနေဖြင့် ဟားမတ်စ်ကို ပြတ်ပြတ်သားသား ရှုံးနိမ့်သည်အထိ ၎င်း၏ စစ်ရေးလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၀၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၁ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေး

မင်းတုန်း ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ယမန်နေ့နံနက် ၁၀ နာရီခွဲက အမှိုက်စို အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မြတ်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်မျိုးသိန်းတို့က အမှိုက်စို အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား အမှိုက်စို အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နောင်ချိုမြို့မှ ထပ်ဆင့်ထုတ်လွှင့်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်



**နေပြည်တော် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကြောင့် နောင်ချိုမြို့မှ DVB T2 စနစ်ဖြင့် ထပ်ဆင့်ထုတ်လွှင့်ပေးသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်မှ စတင်ပြီး ယာယီရပ်နားထားခဲ့ရာမှ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နောင်ချိုထပ်ဆင့်လွှင့်စက်ရုံမှ DVB T2 စနစ်ဖြင့် ပြန်လည်ထုတ်လွှင့်နိုင်ရန်အတွက် နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းမှစ၍ ထိခိုက်ပျက်စီးခဲ့သည့် ထုတ်လွှင့်ရေးတာဝါတိုင်၊ ထုတ်လွှင့်ရေးအင်တီနာနှင့် High Frequency Feeder Cable တို့အား နေ့ညကြိုးပမ်းပြုပြင်ခြင်း၊ ပျောက်ဆုံးခဲ့သည့် လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား အစားထိုးတပ်ဆင်ခြင်းများဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက်လည်း ဆက်လက်ပြုပြင်လျက်ရှိပြီး စက်ရုံအဆောက်အအုံနှင့် အုတ်တံတိုင်းပျက်စီးမှုများကိုလည်း ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သောအစီအစဉ်များကို DTH စနစ်ဖြင့်လည်း နိုင်ငံတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၇၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၅၅ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၆၇၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။



**ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၃၆ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ သုံးဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ မွမ်းမံသင်တန်းဖွင့်



**ကလေး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည့် ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာမွမ်းမံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က ဌာန၏ စီမံကိန်းလုပ်ငန်းများ၊ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူတစ်ဦးအား သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ်၌ Green Challenge Association မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**ပြင်ဦးလွင် ဩဂုတ် ၂၀**

Green Challenge Association မှ ဥက္ကဋ္ဌ ဦးအောင်မျိုးပိုင်နှင့် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးရွှေအောင်သင်းတို့ ဦးဆောင်၍ လင်းလက်ကြယ်စင်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကာ ၂၀၂၅ ခုနှစ် သတ္တမအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် လယ်ပြောင်းပြန်ကျေးရွာ ကျန်စစ်သားကျောင်း၌ ကျင်းပသည်။

ဦးစွာ Green Challenge Association မှ ဥက္ကဋ္ဌ ဦးအောင်မျိုးပိုင်က သစ်ပင်စိုက်ပျိုးရသည့်အကြောင်းရင်းများနှင့် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးရွှေအောင်သင်းက "သဘာဝတရားလှပဖို့ သစ်ပင်စိုက်ကြစို့" ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက စိန်ပန်းပြာ ၁၀ ပင်၊ ဆီးသပြေပင် ၃၀၊ ခရေငါးပင်၊ ပျဉ်းမပင် ၂၀၊ သရက် ၁၀ ပင်၊ သပြေဘူတပင် ၅၀၊ ထိုင်ဝမ်ဗာဒံပင် ၃၀၊ ရွှက်လှပင်၂၀၊ ကျောက်နဂါးပင် ၂၀၊ လင်းလွန်းပင် တစ်ပင်၊ စိန်ပန်းနီငါးပင်၊ တမာ ၁၀ ပင် စုစုပေါင်း ၂၁၁ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

# မင်းတုန်းမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မင်းတုန်း ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက မင်းတုန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားသည်။



ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပသော ကျပန်းစကားပြော၊ ပန်းချီနှင့် ကဗျာတို့တွင် ဆုရရှိသူများနှင့် "အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း"တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့် ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၉၄ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော်  ဩဂုတ်  ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၉၄ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု နှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Jian Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၀၅ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကျုံပျော်ခရိုင်အတွင်း တရားမဝင် စက်သုံးဆီဆိုင်များ ဖွင့်လှစ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကျုံပျော်  ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်အတွင်း တရားမဝင် စက်သုံးဆီဆိုင်များ ဖွင့်လှစ်ရောင်းချမှု ရှိ၊ မရှိ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျုံပျော်ခရိုင်အတွင်းရှိ စက်သုံးဆီဆိုင်များအား ကွင်းဆင်းစစ်ဆေးရာ တရားမဝင် စက်သုံးဆီဆိုင်များဖွင့်လှစ်ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး လိုင်စင်ရှိ စက်သုံးဆီဆိုင်များကိုလည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရောင်းချမှု အခြေအနေများကိုပါ တစ်ပါတည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့ရှိ ဈေးများ၌ မီးဘေးလုံခြုံရေး စစ်ဆေး

မြောင်းမြ  ဩဂုတ်  ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ဈေးများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မြောင်းမြခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်မင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်၊ လျှပ်စစ်၊ ဈေးကော်မတီများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးကြသည်။

**စစ်ဆေးခဲ့**

စစ်ဆေးရာတွင် ဈေးလမ်းများ ပိတ်ဆို့မှုမရှိရေး၊ မီးစနစ်တကျအသုံးပြုရေးနှင့် လောင်စာဆီရောင်းချခြင်းမရှိရေး၊ လျှပ်စစ်ဝါယာကြိုး၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများ စနစ်တကျအသုံးပြုရေး၊ မီးသတ်ဆေးဘူးများထားရှိရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သော မီးချိတ်/မီးကပ်၊ ရေတွင်းရေကန်နှင့် မီးသတ်စက်၊ မီးသတ်ပိုက်များ ကောင်းမွန်ခြင်းရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ ဇေယျာ(မြောင်းမြ)





## ပြင်ဦးလွင်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ပြင်ဦးလွင်  ဩဂုတ်  ၂၀

လူငယ်ကဏ္ဍကိုမြှင့်တင်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)၌ ကျင်းပရာ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)မှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက “လူငယ်နှင့် သိမှတ်ဖွယ်ရာအဖြာဖြာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက “လူငယ်နှင့် အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဆီဆိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

ဆီဆိုင်  ဩဂုတ်  ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်)တွင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတာဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းရှိခန်းမ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ဆီဆိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဘန်းယဉ်နယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး ခွန်ကျော်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ဆိုက်ခေါင်ရဲကင်းမှူး ရဲအုပ်နိုင်နိုင်ထွန်းက လူကုန်ကူးမှုအန္တရာယ်နှင့် တာဆီးကာကွယ်ရေးအကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



မုံရွာ သြဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ ဘောဂရုံသီ ဓမ္မာရုံကြီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ သာစံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတေဇဝန္တ သက်တော်ရှည်ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ အလှူရှင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆုတောင်းပြည့်စေတီတော်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် စေတီတော်ကြီး ဘဏ္ဍာရေးမှူးတို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ၂၇၅ ဦးတို့က အလှူငွေကျပ် ၈၅၁၆၁၁၅၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် စေတီတော်ကြီးတစ်ပတ်လိုက်လံဖူးမြော်ကြည်ညိုခဲ့ကြပြီး စေတီတော်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရေး စေတီတော်ကြီး ပတ်ဝန်းကျင် အမြဲသန့်ရှင်းသပ်ရပ်ရေးအတွက် ဂေါပကအဖွဲ့ဝင်များက အလေးထားဆောင်ရွက်သွားရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# “မိုးသီတာပုလဲ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် သြဂုတ် ၂၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ “မိုးသီတာပုလဲ” တေးဂီတဖျော်ဖြေပွဲကို သြဂုတ် ၂၂ ရက် သောကြာနေ့ ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ရ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ စိုးထက်အောင်၊ ရဲဝင့်လှိုင်၊ မိုးသောက်ကြယ်၊ မေထူးကျော်၊အိအိလှိုင်၊ မို့မို့ကျော်လွင်၊ ချိုမီမီဇော်၊ ဖူးပွင့်ရွှေရည်လှိုင်နှင့် ချစ်စုစံတို့က ပဒ္မုန်မိုးတို့ မြူးတူးရွှင်ပျစွာ မိုးပုလဲပန်းများ ရွာသွန်းဖြိုး ပက်ဖျန်းမှုနှင့်အတူ ဝါခေါင်လဖွဲ့ အလွမ်းတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“မိုးသီတာပုလဲ” တေးဂီတဖျော်ဖြေပွဲကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် သြဂုတ် ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်တွေမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ သြဂုတ် ၂၀

ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မင်းဦးနှင့်အဖွဲ့သည် သက္ကေပြင်ကျေးရွာသွားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာသွားလမ်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စစ်တွေခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သာနို့အေးက မြေပြင်အခြေအနေကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက အဆိုပါလမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အခြေအနေများအား မှာကြားသည်။

အဆိုပါလမ်းကို စစ်တွေခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၉၀၃ ဒသမ ၉၉၃ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



ရန်ကုန် သြဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ရွှေပေါက်ကံရပ်ကွက်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်သည်။

**ဆောင်ရွက်**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရွှေပေါက်ကံရပ်ကွက်အတွင်းရှိ ပြည်သူများအား အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းများပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းပေးအပ်ပွဲကျင်းပ



ရမည်းသင်း သြဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇီဖြူကုန်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်( ၁)ဗိုလ်မှူးကြီးဇော်မျိုးထက်က အဖွင့်အမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးထက်မောင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း နည်းပညာသင်တန်းနှင့် အိမ်သုံး လျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာသင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှန်တကယ်အလုပ်လုပ်နိုင်သူ ထူးချွန်သင်တန်းသားငါးဦးအား ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**တောင်ကြီး ဩဂုတ် ၂၀**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ဘက်စုံသုံး ပြည်နယ် လေ့ကျင့်ရေးရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ အားကစား သမားများနှင့် အားကစားဝါသနာ ရှင်ပြည်သူများ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က လာရောက် ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင် အသင်းများအနေဖြင့် အားကစား စိတ်ဓာတ်အပြည့်အဝဖြင့် အသန့် ရှင်းဆုံး ယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာကြပြီး ယခုပြိုင်ပွဲ မှတစ်ဆင့် နိုင်ငံတော်က အားထား ရသည့် ထူးချွန်သည့် လက်ရွေးစင် အားကစားသမား ကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ တိုင်း ဒေသကြီးနှင့် ပြည်နယ် ဖူဆယ် (အမျိုးသား)ပြိုင်ပွဲကို ဖွင့်လှစ် ပေးသည်။ ဆက်လက်၍ အဖွင့် ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်း နှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ် အသင်းက လေးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်းနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ် ဖူဆယ် (အမျိုးသား)ပြိုင်ပွဲကို ဩဂုတ် ၂၀ မှ ၂၇ ရက်အထိ ဆက်လက်ကျင်းပ မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင် ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် စစ်တွေမြို့ပေါ်ရှိ အားကစားခန်းမနှင့် အားကစားကွင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**စစ်တွေ ဩဂုတ် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်း၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဓညဝတီ အားကစားခန်းမဝင်းအတွင်း အားကစားခန်းမ၊ အားကစားရုံများ တည်ဆောက်ထားရှိမှု၊ ဝေသာလီ အားကစားကွင်းနှင့် လူငယ်စင်တာဆောက်လုပ်မည့် လျာထားမြေနေရာနှင့် ဓညဝတီအားကစားကွင်း အတွင်း အားကစားကွင်း၊ အထူးတန်းပွဲကြည့်စင်နှင့် ရိုးရိုးပွဲကြည့်စင်များ တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက မျိုးဆက်သစ် အားကစားသမားများ၊ ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများ၊ ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ ပေါ်ထွန်းလာရေးအတွက် အားကစားကွင်းရုံများ၌ အားကစားနည်းအလိုက် စဉ်ဆက်မပြတ် လေ့ကျင့်ယှဉ်ပြိုင်နိုင်စေရေး ဆောင်ရွက်ထားရှိရန်၊ ပြိုင်ပွဲများကျင်းပသွားရန်၊ အားကစားကွင်း၊ အားကစားရုံများ သန့်ရှင်းသပ်ရပ် စေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး အမြဲကြပ်မတ် လုပ်ဆောင်သွားရန်နှင့် လူငယ်စကားဝိုင်းများ၊ လူငယ်ပွဲတော်များ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

✪ ကျောဖုံးမှ

ကစားရာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့သည်။ မြန်မာ အသင်းသည် ဂျပန်ကလပ် တိုကျိုဗာဒီလူငယ် အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ဂျပန်ကလပ် အီကိုနိုင် လူငယ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုလေးပွဲကစားရာတွင် တစ်ပွဲသရေ၊ သုံးပွဲ ရှုံးနိမ့်ခဲ့သည်။

အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အဆင့်သတ်မှတ်ချက် ပွဲစဉ်များ ဆက်လက်ကစားရမည်ဖြစ် သည်။

**သတင်း–ချစ်ကိုကို**

**ဓာတ်ပုံ– MFF**



# အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၌ မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၅–၂၀၂၆ မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲအား အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဒေါက်တာလေးမာန်ဝင့်၊ အစိုးရနည်းပညာ အထက်တန်း ကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်နှင့် အားကစားပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် အကအဖွဲ့များအား ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများကို ဩဂုတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မော်လမြိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေး

**မော်လမြိုင် ဩဂုတ် ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရမည်းသင်း ဩဂုတ် ၂၀**

၂၀၂၅ ခုနှစ် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်နှင့်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက ရမည်းသင်းခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ပျော်ဘွယ်မြို့နယ်က အနိုင်ရရှိပြီး ဒုတိယဆု ရရှိသော ရမည်းသင်းမြို့နယ်အသင်း၊ နေရာအလိုက် အကောင်းဆုံး အားကစားဆုများနှင့် ပထမဆုရရှိသော ပျော်ဘွယ်မြို့နယ်အသင်းတို့ အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၂၂၉/ခ)၊ နီလာလမ်း၊ အကျယ်အဝန်း(၂၁ပေx၆၀ပေ)၊ (၁၂၆၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးလှရှိန်** [၁၂/မရက (နိုင်) ၀၉၄၁၀၈] အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးအောင်ကျော်မိုး** [၁၂/မဂတ (ပြု) ၀၀၁၄၇၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးဇော်ထွန်းဦး**[၇/ရတန (နိုင်) ၀၇၀၉၀၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၂/ဂ (အနန်းပင်)၊ မြေကွက်အမှတ်- ၇၊ ဧရိယာ (၁၄.၀၉)ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၁)၊ စွယ်တော်လမ်း၊ ကြံခင်းစုရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးကျော်၊ မလှကြီး အမည်ပေါက် "က"လ/န၃၉မြေအား မင်္ဂလာဒုံခရိုင်တရားရုံးတော်၊ ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် ၆၄ ၏ (၂၇-၆-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ မင်္ဂလာဒုံခရိုင်တရားရုံးတော်၊ ၂၀၂၄ ခုနှစ်တရားမဇာရီမှုအမှတ်- ၆၈ ၏ (၂၆-၇-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်အပ်သည့် အမိန့်၊ အရောင်းအဝယ်စာချုပ် အမှတ်- ၄၆၈၂/၂၀၂၅ (၂၇-၆-၂၀၂၅)တို့အရ ဧရိယာ (၁၄.၀၉)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျားxအနံ)(၁၇၇'/၁၀၀'x(၉၉'+၁၁၅'+၄၈')/၂၃၈') အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြစန္ဒာမင်း [၁၂/ကမရ(နိုင်)၀၀၀၃၀၄]မှ ဖော်ပြပါ တရားရုံးအမိန့်များ အရောင်းအဝယ်စာချုပ်၊ အခွန်ထမ်းဆောင်ထားသည့် အထောက်အထား၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ် (၁၁၉၁/က)၊ လူနေရပ်ကွက်အမှတ် (၅၄)၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဦးဝင်းညွှန့် [၁၂/ဥကမ(နိုင်)၀၀၇၇၉၄] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် (RC)အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို** ဦးလွင်ဦးကို [၁၂/သခန (နိုင်)၁၀၉၁၁၆]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်အောင်ဇင်[၉/ပဥလ (နိုင်)၀၁၈၂၇၄]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၁၁၈၁၈၂၂**

## "ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄၇)၊ နှင်းပန်းလမ်း ၊ မြေကွက်အမှတ်(၈၅၉/ခ)၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦများ အပါအဝင်အကျိုးခံစားခွင့်များကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးသင်း [၇/နတလ(နိုင်)၁၁၀၅၈၁]က တရားဝင်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးတေးလာက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် (စရန်ငွေ) ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ် ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နိုင်လင်း( မြိတ် )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၉၁)**
**အမှတ်(၄၈/၁၁၅၈)၊ ငုဝါလမ်း၊ အမှတ်(၁၉)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၂၆၈၆၁၁၊ ၀၉-၇၅၄၅၈၉၇၈၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ အမှတ်(၁၁၆၇)ဟုခေါ်တွင်သော အကျယ်အဝန်း ပေဧရိယာ (၄၀ ပေx ၆၀ ပေ) နှစ်(၆၀) ဂရန်မြေနှင့် မြေပေါ်တွင် တည်ဆောက်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ဒေါ်ရှုကျင် [၁၂/သဃက(နိုင်)၀၂၃၃၄၃] အမည်ပေါက် ပိုင်ဆိုင်သည့် ခေါင်းရင်းဘက်ခြမ်း (၂၀ပေx ၆၀ပေ) မြေနှင့် မြေပေါ်တွင် တည်ဆောက်ထားသည့် တိုက်ခန်း များအနက်မှ ပထမထပ်တိုက်ခန်း(ရှေ+မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ရှုကျင်မှ အတူနေ အစ်မဖြစ်သူ ဒေါ်ရွှေလှိုင် [၁၂/သဃက(နိုင်)၀၂၃၃၅၆]အား (၁၇-၈-၂၀၂၅)ရက်နေ့တွင် "မေတ္တာဖြင့် မြေနှင့် တိုက်ခန်း အပိုင်ပေးအပ်ခြင်းကတိစာချုပ်" ချုပ်ဆိုကာ လက်ရောက်ပေးအပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့် ပထမထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို ဒေါ်ရွှေလှိုင်၏ တရားဝင်ခွင့်ပြုချက်မပါရှိဘဲ ရောင်းချ/ပေါင်နှံ/ပေးကမ်း/လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်းတင်(ခ)ဦးဇေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၅၄ /၂၀၂၃)**
**ဖုန်း-၀၉ ၆၉၉၁၉၂၆၅၆**
**အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (တရားရုံးအနီး)။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ လူနေရပ်ကွက်(၅)၊ မြေကွက်အမှတ် (၂၂၁-ခ)၊ ပါရမီလမ်းဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်များအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးပါ အမည်ဖြင့် အမည်ပေါက် မှတ်သားထားပြီး ဦးပါသည် (၂၂-၈-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်ခဲ့၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကာ အပြီးအပြတ် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုလာသော ဦးပါ၏ဇနီးဖြစ်သူ ဒေါ်အေးဆင့် [၁၂/ဥကတ(နိုင်)၀၇၄၅၇၇] ထံမှ ထိုဂရန်မြေကွက်နှင့် ထိုမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး (မြေပြင်အရှိအတိုင်း အကျယ်အဝန်း)ကို ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးအောင်ကျော်စိုး**
**အထက်တန်းရှေ့နေ (စဉ်- ၁၆၇၃၇/၁၂-၅-၁၉၈၈)**
**အမှတ်- ၉၉၉၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၈၆၁၈၀၄၅၊ ၀၉-၉၆၄၆၁၈၀၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၉၉၄)၊ မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ ဦးမြတ်သူ(ISN- 400609)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ) (ခေါင်းရင်းဘက်ခြမ်း)၊ [မြေကွက်အမှတ် (၉၉၃)နှင့်ကပ်လျက်ဘက်ခြမ်း] ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးပြုံး [၁၂/သကတ (နိုင်)၀၄၈၂၇၂]က ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်း [၇/ဖမန(နိုင်)၂၄၀၉၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**(LL.B, D.B.L, D.I.L, D.I.P.L, DL-101)WIPO (Switzerland)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၀၃၁၀၅၀၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့အုပ်စုတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ (၁၈)လမ်း (သို့မဟုတ်) ခတ္တာလမ်း၊ မြေကွက်ကြီးအမှတ် (၁/န)၊ အိမ်ရာအကွက်ငယ်၊ အမှတ် (၁၃၇၃)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အကျယ်ရှိ စလစ်နီမူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဦးလှစိုး၊ (MMO - 267155) ထံမှ အရောင်းအဝယ် ဆက်စပ် စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးဇော်လင်းထွန်း [၉/မထလ(နိုင်)၀၉၁၉၂၁]မှ ၎င်းသာလျှင် အဆိုပါမြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးစိုင်းသက်ထွဋ် [၁၃/သပန(နိုင်)၀၀၀၈၁၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဖော်ပြပါ မြေကွက်အပြီးအပိုင် ဝယ်ယူခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ယမုံနာ-၁၊ မြေကွက်အမှတ်- ခ/၂၄၇၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ် - ၃၂၂/ခ၊ အောင်မေတ္တာအလယ်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ ဦးမောင်မောင် [၁၂/ဒပန(နိုင်)၀၂၀၂၃၂]၊ ၂။ ဒေါ်မြင့်မြင့်မော် [၁၂/ဒပန(နိုင်) ၀၂၀၂၇၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမောင်မောင်၊ ဒေါ်မြင့်မြင့်မော်တို့အပေါ် တရားပြိုင်ထားကာ ဦးမဟိန်ဒါမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် ချမှတ်သည့် (၄-၁၂-၂၀၂၄)ရက်စွဲပါ စီရင်ချက်အမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်- ၁၉/၂၀၂၄ ၏ (၂၇-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ (၈-၅-၂၀၂၅)ရက်စွဲပါ စာအမှတ်၊ ၂၂၁(က)/၁၃-၁/၂၀၂၅ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးများ ကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁] မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့ တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အထက(ခွဲ) မြောက်နန်ချွန်ကျောင်း G-12 တွင် ပညာသင်ကြားနေသော မသီတာမိုး ၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် [၇/ရတရ(နိုင်) ၁၆၆၆၄၉]ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**
**[၇/ရတရ(နိုင်)၁၆၆၆၄၉]**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အထက(၁) ကျောင်းမှ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေ၏ ဖခင်အမည်မှန်မှာ ဦးဂိတ်လင် (ခ) ဦးဂိတ်လွင် (ခ) ဦးမြင့်ဆွေ (KYN-၀၀၁၃၈၅)မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

အနာဂတ်
ကမ္ဘာ
သာယာဖို့
အိုဇုန်းလွှာကို
ကာကွယ်စို့

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက် အမှတ်-၇၂၉/ခ၊ ထူပါရုံလမ်းဟုခေါ်တွင်သော (အလျား ၂၀ x အနံ ၆၀) ပေရှိ ဦးဇော်ဝင်းဇင် [၉/မရမ(နိုင်)၀၀၁၄၇၃]နှင့် ဒေါ်ခင်ထွေးမြင့် [၉/မကန(နိုင်) ၀၇၉၄၃၄]တို့ ပူးတွဲအမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ဖြစ်သူများဖြစ်ကြသည့် ဦးဇော်ဝင်းဇင်နှင့် ဒေါ်ခင်ထွေးမြင့်တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီဌေး [၁၂/ဒလန(နိုင်)၁၄၉၃၄၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာဝင်း** **ဒေါ်ရီရီလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)** **အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၉)**
**အမှတ်(၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၁၇၇၇၅၂၅**

## အိမ်ခြံမြေအရောင်းအဝယ်ပျက်ပြယ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၌တည်ရှိသော အိမ်အမှတ်(၂၆၇)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြို့မြေအမျိုးအစား အိမ်ခြံမြေ အရောင်းအဝယ်အား ရောင်းသူ၊ ဝယ်သူ နှစ်ဦးသဘောတူညီမှုဖြင့် အရောင်းအဝယ်ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးလင်းလင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးနွေးအိ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၅၂၅)**
**အမှတ်(ထ/၁၀၅)၊ ဘုရင့်နောင်လမ်းမ၊**
**အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ် (၁၂၆၇)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်မြင့် (CE- ၀၇၃၅၃၇) [၁၂/ဥကတ (နိုင်)၀၄၄၃၈၇] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်ပန်းသဇင်ကျော်(LL.B)** **ဒေါ်သက်ထားခိုင် (LL.B)**
**(စဉ်-၁၁၄၀၆)** **(စဉ်-၅၆၈၂၃)** **(စဉ်-၅၆၈၇၅)**
**တရားလွှတ်တော်ရှေ့နေ** **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)**
**(စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၆)၊မြေကွက်အမှတ်(၆၀၈/က)၊ စံရိပ်ငြိမ်လမ်း၊အကျယ်အဝန်း(၄၂ပေ×၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်မြေကွက်အမှတ်(၆၀၇)နှင့်ကပ်လျက်၊အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိနှစ် ၆၀ ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၇၅၈၀/၂၀၂၃)အရပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝင်းစုခိုင်(၇/ပခန(နိုင်)၁၈၁၂၈၉) ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးပပဝင်း [၁၃/နစန(နိုင်)၀၇၁၈၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၈)၊ မြေကွက်အမှတ် (၁၉၅) အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခေါင်းရင်းခြမ်း အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဦးစောကျော်လှမောင် (ခ)ကျော်လှမောင် (CE-082215)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇင်မျိုးသက် [၁၂/မရက(နိုင်) ၁၂၄၆၅၉]မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်ဇင်မျိုးသက်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင်** **ဒေါ်မြတ်သီရိဇော်**
**(တရားလွှတ်တော်ရှေ့နေ) စဉ် - ၈၄၅၇** **(အထက်တန်းရှေ့နေ) စဉ်-၅၂၃၃၄**
**LL.B, D.B.L, D.IL, D.IP.L, Dip in Global English** **LL.B**
**PGDCWE, DL-DIP(101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉၉၆၅၀၂၅၅၈၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ပိတောက်မြိုင်(၂)လမ်း၊ မြေကွက်အမှတ်(၁၂၁၅)၊ အကျယ်အဝန်း(၄၀x၆၂)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို ဂရန်အမည်ပေါက်သူများ ဦးစိုးမိုး[၁၂/သဃက(နိုင်)၀၁၃၃၃၁]နှင့် ဒေါ်စန်းစန်းဝင်း [၁၂/ရကန(နိုင်)၀၂၅၁၈၁]တို့က ပိုင်ဆိုင်ပြီး ရောင်းချကြောင်းကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးသန်းမောင် [၁၂/မရက(နိုင်)၀၆၅၅၅၁]မှ စရန်ငွေပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)၊ မြေတိုင်းရပ်ကွက်(၂၈)၊ အောင်သီရိလမ်း၊ အမှတ်(၈၉၄)၊) ဦးချစ် ဦး(ALE.001698)[၅/မလမ(နိုင်)၀၃၀၁၁၄]၊ (၁၈မ/၂၈/၇၉၃/၉၃) နှစ်(၆၀)ဂရန် အမည်ပေါက် (၄၀x၆၀)ပေ(၀.၀၅၅)မြေကွက်နှင့်နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ အမည်ပေါက် ဦးချစ်ဦး[၅/မလန(နိုင်)၀၃၀၁၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာထူးမှဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာထူး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၄၈၁၇၈)**
